မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ထုတ်ဝေခဲ့သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃)
အမှတ် (၃၅၅)

၁၃၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ ကြာသပတေးနေ့။

ဝိရိယနှင့် ဆန္ဒအကျိုး

ဝိရိယဝတော ကိ နာမ ကမ္မံ နာ သိဒ္ဓေတိ။

ဝိရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

ဆန္ဒဝတော ကိ နာမ ကမ္မံ နာ သိဒ္ဓေတိ။

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋ္ဌိ၊ ၃၊ ၁၆၉။)

ကချင်ပြည်နယ်အတွင်း သစ်တောပြုန်းတီးမှုနှင့်ပတ်သက်၍ နှစ်နိုင်ငံပူးပေါင်းထိန်းသိမ်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီး H.E.Mr.Han Changfu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးဝင်းမြင့်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ဆန်အပါအဝင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ၊ မွေးမြူရေးနှင့်ရေထွက်ပစ္စည်းများအား တိုးချဲ့တင်ပို့နိုင်မည့်အလားအလာများ၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်နိုင်မည့် နည်းပညာများဖလှယ်ရေး၊ ကချင်ပြည်နယ်အတွင်း သစ်တောပြုန်းတီးမှုနှင့်ပတ်သက်၍ နှစ်နိုင်ငံပူးပေါင်းထိန်းသိမ်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီး H.E.Mr.Han Changfu အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

အိန္ဒိယနိုင်ငံ၏ ပထမဆုံး ဂြိုဟ်တု အင်္ဂါဂြိုဟ်သို့ရောက်ရှိ — စာ ၄

ကျွန်ုပ်တို့ခန္ဓာကိုယ်အတွင်းရှိရေ ဆောင်းပါး — စာ ၆

စီရိုနယ်ဒို လေးဂိုးသွင်းပြီး အောင်ပွဲခံ — စာ ၁၃

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ခရီးသွားလုပ်ငန်းတိုးတက်လာသည့် မြန်မာနိုင်ငံတွင် ဟိုတယ် ၁၀၅၅ လုံးရှိလာ

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၄

ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာသည့် မြန်မာနိုင်ငံတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလျက်ရှိရာ ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ အပါအဝင် ဖက်စပ်အကျိုးတူပူးပေါင်းဆောင်ရွက်ထားသော ဟိုတယ်ပေါင်း ၁၀၅၅ လုံး ရှိနေပြီဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စက်တင်ဘာ ဒုတိယသီတင်းပတ်အထိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုသည် ပြီးခဲ့သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အလားတူ ကာလကထက် အမေရိကန်ဒေါ်လာ ၂၀၆ သန်းခန့် ပိုမိုများပြားလာခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတွင် စင်ကာပူနိုင်ငံသည် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ခန့် ရင်းနှီးမြှုပ်နှံထားရာ အများဆုံးဖြစ်နေသည်။ ထို့အတူ ထိုင်းဂျပန်၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ကလည်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လျက်ရှိသည်။ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းဆီဒိုးနားဟိုတယ်အနီးတွင် ဗီယက်နမ်နိုင်ငံက ဟိုတယ်များပါရှိသော စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းတွင် ခရီးသွားများစိတ်ဝင်စားသည့်ခရီးစဉ်သစ်တစ်ခုအဖြစ် တည်ရှိနေရာ ခရီးသွားများတိုးတက်ရောက်ရှိလာခြင်းနှင့်အတူ ဆိုးကျိုးများသက်ရောက်မှုနည်းပါးစေရန် တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒကိုလည်း ချမှတ်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံသို့ ခရီးသွားများ ဝင်ရောက်လည်ပတ်စဉ်အတွင်း ဒေသခံ လူ့အဖွဲ့အစည်းများနှင့် လိုက်လျောညီထွေပြုမှု လည်ပတ်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်က လိုင်စင်ရယူ လုပ်ကိုင်လျက်ရှိသည့် ဟိုတယ်နှင့် တည်းခိုရိပ်သာပေါင်း

စာမျက်နှာ ၈ ကော်လံ ၁ ၏

ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းနှင့် စက်မှု(၁) လမ်းရှိ ဗီယက်နမ်နိုင်ငံက ရင်းနှီးမြှုပ်နှံသည့် ဟိုတယ်များပါရှိသော စီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူဦးရေနှင့် စားနပ်ရိက္ခာ

ကမ္ဘာ့လူဦးရေသည် နှစ်စဉ်ပုံမှန်တိုးပွားလျက်ရှိရာ လက်ရှိအခြေအနေတွင် သန်းခုနစ်ထောင်ကျော်လွန်ခဲ့ပြီဖြစ်ပါသည်။ ဤသို့ကမ္ဘာပေါ်တွင် လူဦးရေတိုးတက်များပြားလာသည်နှင့် အမျှ စားနပ်ရိက္ခာ စိုက်ပျိုးထုတ်လုပ်မှုကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သို့မှသာ စားရေရိက္ခာဖူလုံပြည့်ဝစွာ စားသုံးနိုင်ကြပြီး လူမှုဘဝသာယာဝပြောမှုကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်က (၃၆)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီး အဆင့်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် စားရေရိက္ခာဖူလုံမှုမရှိဘဲ လူမှုဘဝသာယာမှုကို တည်ဆောက်နိုင်မည်မဟုတ်သည့်အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း၏ ထောင်စုနှစ်ရည်မှန်းချက်တွင်လည်း ၂၀၂၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း ငတ်မွတ်ခေါင်းပါးမှုပယျောက်ရေး ရည်မှန်းချက် သတ်မှတ်ထားရှိသည့်အတိုင်း တစ်ကမ္ဘာလုံး၏ ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အာဆီယံနိုင်ငံများအနေဖြင့် လက်တွဲညီညီကြိုးပမ်းပါဝင်ဖော်ဆောင်ပေးကြရမည်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

ကမ္ဘာ့လူဦးရေ သန်းခုနစ်ထောင်ကျော်ရှိသည့်အနက် သန်းပေါင်း ၈၅၀ ခန့်သည် စားရေရိက္ခာ အခက်အခဲနှင့် အာဟာရမပြည့်ဝမှု ပြဿနာများ ကြုံတွေ့ခံစားနေကြရပါသည်။ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည်သန်းပေါင်းကိုးထောင်မှ သန်းတစ်သောင်းအထိရှိလာနိုင်ကြောင်း ပညာရှင်တို့က တွက်ချက်ထားရာ ၄င်းလူဦးရေကိုကာမိစေရေး ယခုအချိန်မှစတင်ကာ စားရေရိက္ခာ နှစ်ဆတိုးမြှင့်ထုတ်လုပ်သွားရန် အာဆီယံအပါအဝင် ကမ္ဘာ့ဒေသအသီးသီးသို့ တပ်လှန့်နှိုးဆော်နေကြပြီဖြစ်ပါသည်။

အာဆီယံအသိုက်အဝန်း၏ မျှော်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ကြရာတွင် နိုင်ငံအသီးသီး၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့်အတူ နိုင်ငံတိုင်း၏ စားရေရိက္ခာဖူလုံရေးတာဝန်ကို အကောင်အထည်ဖော်နေကြသည့် တာဝန်သည် နိုင်ငံတိုင်းအတွက်မရှိမဖြစ် အခြေခံအမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ပါသည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့အနေဖြင့် ၂၀၁၄ ခုနှစ်ကို "မိသားစုတိုင်း၏စိုက်ပျိုးထုတ်လုပ်မှု စွမ်းအားဖြင့် ကမ္ဘာကြီးကို ကျွေးမွေးစောင့်ရှောက်ကြပါစို့" ဟူသောဆောင်ပုဒ်ချမှတ်လျက် အပြည်ပြည်ဆိုင်ရာ မိသားစုလယ်ယာလုပ်ငန်းနှစ်အဖြစ် သတ်မှတ်ထားပါသည်။ မိသားစုတိုင်းက စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အလေးထားလုပ်ကိုင်သွားကြရန် အသိပေးတိုက်တွန်းထားခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့မြန်မာနိုင်ငံ၌ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ၏ လူမှုဘဝကိုမြှင့်တင်ရင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးအရှိန်အဟုန်ကောင်းစွာဖွံ့ဖြိုးတိုးတက်လာရေး အဘက်ဘက်မှ ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ ရေရှည်တည်တံ့သည့် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် မိသားစုတစ်စုချင်းစီမှအစပြုကာ နိုင်ငံတစ်ဝန်းပူးပေါင်းဆောင်ရွက်မှု၊ စိုက်ပျိုးမွေးမြူရေး နည်းလမ်းကောင်းများ ရှာဖွေဖော်ထုတ်ပေးနိုင်မှုတို့ဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ရေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းခြင်းလုပ်ငန်းများစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၄

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် စက်တင်ဘာ ၂၀ ရက်က ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် သရေခေတ္တရာ အမွေအနှစ်စောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့်ဒေသဆိုင်ရာ ညှိုလမ်းညွှန် (အခြေခံ) သင်တန်း (ပြည်) အမှတ်စဉ် (၉/၂၀၁၄) မှ သင်တန်းသားသင်တန်းသူများအား၊ မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ အကြောင်း၊ ကမ္ဘာ့အမွေအနှစ်ရရှိအောင် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များအကြောင်း၊ မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးဆောင်ရွက်ရမည့်အကြောင်းများကို ဆွေးနွေးပို့ချသည်။

ထို့နောက် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်) ၌ ပြည်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် ပျ၊ရှေးဟောင်းမြို့များ ကြီးကြပ်ညှိနှိုင်းရေးကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သရေခေတ္တရာ အမွေအနှစ်စောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ရွှေဘုန်းပွင့်ပြတိုက်နှင့် စာကြည့်တိုက်မှအဖွဲ့ဝင်များ၊ ဒေသဆိုင်ရာလူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး သရေခေတ္တရာ မြို့ဟောင်းနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်အတွင်း ယူနက်စကိုသို့ ပြန်လည်တင်ပြရမည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို စိစစ်ပြီး ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် သရေခေတ္တရာမြို့ဟောင်းအတွင်း ရှေးဟောင်းသုတေသနလုပ်ငန်းများကို ဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြည်ဒေသနှင့် အနီးပတ်ဝန်းကျင် ဒေသများမှ Volunteerများကို တွေ့ဆုံအားပေးစကားပြောကြားကာ သရေခေတ္တရာ ရှေးဟောင်းသုတေသနပြတိုက် ခင်းကျင်းပြသမှုကို စစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၂၁ ရက်က သရေခေတ္တရာ မြို့ဟောင်းအတွင်းရှိ မြို့ရိုး၊ မြို့ဝင်ပေါက်များနှင့် အဆောက်အအုံများ၏ ကြံ့ခိုင်မှုနှင့် ထိန်းသိမ်းရေးဆောင်ရွက်မှုအခြေအနေကို လည်းကောင်း၊ ပြည်တွင်းပြည်ပ ဧည့်သည်များသွားလာရေးနှင့်လေ့လာရေး အဆင်ပြေချောမွေ့အောင် လမ်းညွှန်ဆိုင်းဘုတ်များနှင့် ရှင်းလင်းချက် ဆိုင်းဘုတ်များ စိုက်ထူထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်အထူးစိုက်ပျိုးပွဲတော် သီပေါနောက်ကပ်ကျေးရွာ၌ကျင်းပ

သီပေါ စက်တင်ဘာ ၂၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် သစ်တောဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် Special Tree Planting Ceremony အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာ ၂၂ရက်က နောက်ကပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ပရဝဏ်၌ ကျင်းပရာ အမျိုးသမီးရေးရာအဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၊ အရန်မီးသတ်တပ်ဖွဲ့ ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်းပါဝင်စိုက်ပျိုးကြသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုးပိုးက စက်တင်ဘာ ၂၂ ရက်က သစ်ပင်စိုက်ပျိုးရေးပွဲတော်သည် ယခင်ကကျင်းပခဲ့သော ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲများနှင့်မတူဘဲ ယခုနှစ်မှသာ ထူးခြားစွာကျင်းပသည့် အထူးသစ်ပင်စိုက်ပျိုးပွဲတော်ဖြစ်ကြောင်း၊ စက်တင်ဘာ ၂၂ရက်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးအတိုင်း အတာဖြင့် " Special Tree Planting Ceremony" အထိမ်းအမှတ်အဖြစ် ယခုနှစ်မှစတင်သတ်မှတ်ခြင်းဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်မှစပြီး ၂၀၁၇ ခုနှစ်အထိ သစ်ပင်ပေါင်း တစ်သန်းစိုက်ပျိုးမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်မှာရှိသော နိုင်ငံပေါင်းစုံ ပါဝင်ဆင်နွှဲကြသည့် အားကစားပွဲတော်ကို Olympic အားကစားပွဲတော်ဟု ခေါ်တွင်သကဲ့သို့ ကမ္ဘာပေါ်တွင် မှီတင်းနေထိုင်ကြသော လူသားအားလုံးပူးပေါင်းပါဝင်စိုက်ပျိုးကြသော သစ်ပင်စိုက်ပျိုးပွဲဖြစ်သဖြင့် Treeolympics သစ်ပင်စိုက်ပျိုးပွဲတော်ဟုခေါ်တွင်ပြီး ကမ္ဘာနှင့်အဝန်း စိုက်ပျိုးခဲ့ကြခြင်းဖြစ်ကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ စာရေးဆရာ ဇာဏီဟိန်း(သီပေါ) က သစ်ပင်စိုက်ပျိုးခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာများကိုဟောပြောပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးအရာရှိတို့ဦးဆောင်၍ ရတနာတန်းဝင်ကျွန်း၊ ချယ်ရီ၊ ကုံကော်၊ ခရေ၊ မဲဇလီ၊ တမာ၊ သင်းဝင်စသည့်သစ်ပင်မျိုးစုံ ၅၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)**

စိုင်း(သီပေါ)

စာကြည့်တိုက်အသင်းညီလာခံကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ ပဉ္စမအကြိမ်ညီလာခံကို စက်တင်ဘာ ၂၇ ရက် (စနေနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်ရှိ အမျိုးသား ယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်၌ ကျင်းပမည် ဖြစ်သည်။ ညီလာခံသို့ တက်ရောက်ကြမည့် အသင်းဝင်များအတွက် မော်တော်ယာဉ်အကြို/အပို့ပြုလုပ်ပေးမည်ဖြစ်ရာ ယင်းနေ့ နံနက် စနာရီတွင် ကမာရွတ်မြို့နယ် ရန်ကုန် တက္ကသိုလ်စာတိုက်ရှေ့စုရပ်သို့ တက်ရောက်ကြရန်နှိုးဆော်ထားသည်။ **ကိုချစ်**

PUN HLAING HOSPITAL
ပန်းလှိုင်ဆေးရုံ နလုံးဌာန အထူးအစီအစဉ်
(၉)နှစ်ကျော်အတွေ့အကြုံရှိပန်းလှိုင်ဆေးရုံ၏နလုံးအထူးကုဌာနတွင် နလုံးသွေးကြောပိုရိပ်ဖော်ခြင်းပေါင်း (၄၃၀)ခုနှင့် နလုံးသွေးကြောထောက်ကိရိယာထည့်သွင်းကုသမှုပေါင်း(၁၉၄)ခုစသည့် နလုံးသွေးကြောရောဂါရှာဖွေကုသခြင်းပေါင်း(၆၂၄)ခုတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သောနိုင်ငံတကာအတွေ့အကြုံရှိ စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများ နှင့်မြန်မာနိုင်ငံမှနလုံးအထူးကုဆရာဝန်ကြီးများပူးပေါင်း၍နောက်ထုံးပေါ်ခေတ်မီစက်သစ်ကြီးများဖြင့် အောက်တိုဘာလ(၃)ရက်မှ (၅)ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်။
ဆက်သွယ်ရန် - ရန်ကုန် (၀၁) မြေနေ၃၂၁ ၊ မြေနေ၃၂၅၅ ၊ (၀၉) ၄၂၁ ၀၄၂ မြောင်း ၊ (၀၉) ၂၅၄ ၀၄၂ ၊ (၀၉) ၄၃ ၀၇၂ / မန္တလေး (၀၉) ၄၃ ၀၇၂ Email : enquiry.phlh@spa-mm.com

ပြည်တွင်းသတင်း

ကာလာမသုတ် အနှစ်ထုတ်

ကေသမုတ္တိနိုဂုံးရွာရှိ ကာလာမအနွယ်အမျိုးသားတို့သည် အယူဝါဒ အမျိုးမျိုးရှိကြကုန်၏။ အယူအဆအမျိုးမျိုးရှိသူတို့သည်လည်း ကေသမုတ္တိနိုဂုံးရွာသို့ လာရောက်၍ မိမိတို့၏မတူညီသောအယူဝါဒများကို ပြောဟောကြကုန်၏။ ကာလာမမျိုးနွယ်တို့အဖို့ အယူဝါဒမျိုးစုံအကြားတွင် **''ဘယ်ဝါဒ မှန်သည် ကောင်းသည်''** ဟု ဝေခွဲမရနိုင်အောင်ရှိလေ၏။

ကေသမုတ္တိနိုဂုံးရွာကြီးသို့ ဗုဒ္ဓဘုရားရှင်ကြွရောက်တော်မူလာရာ အမျိုးမျိုးသောဝါဒရှိသူတို့က မိမိသန်ရာအယူဝါဒများကို အသီးသီးဆွေးနွေးလျှောက်ထားကြသဖြင့် ဘုရားရှင်က ကာလာမသုတ်ကိုအနှစ်ထုတ်၍ ဟောကြားတော်မူခဲ့ပါသည်။ (ကာလာမမျိုးနွယ်များကို ဟောကြားသဖြင့် ကာလာမသုတ်ဟုအမည်တွင်သလို ကေသမုတ္တိနိုဂုံးရွာကြီးခံ့ ဟောကြားသောသုတ်ဖြစ်သဖြင့် ကေသမုတ္တိသုတ်ဟုလည်း ခေါ်တွင်ပါသည်)။

ကာလာမနွယ်ဖွားအမျိုးသားတို့၊ သင်တို့သည် အယူဝါဒတစ်ခုတွေ့ရှိပြီဆိုလျှင်-

၁။ တစ်ဆင့်စကား၊ ကောလာဟလ ကြားသိကာမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၂။ မိရိုးဖလာ အစဉ်အဆက်စကားမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၃။ ဤသို့ဖြစ်ဖူးသတတ်ဟူသော ဒဏ္ဍာရီစကားမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၄။ ကျမ်းဂန်အထောက်အထားနှင့် ညီညွတ်ပေသည်ဟုလည်း အမှန်ဟုမယူကြလင့်၊
၅။ မိမိကြံစည်တွေးဆရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၆။ နည်းမှီကြံဆနိုင်ရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၇။ အခြင်းအရာကြောင်းကျိုး ဆီလျော်ရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၈။ အယူဝါဒချင်း ထပ်တူညီရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၉။ မှတ်ယူထိုက်သည်ဟု နှစ်ခြိုက်ရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၁၀။ ဆရာ့ဩဝါဒဆရာ့စကားဟု ဆရာစွဲဖြင့်လည်း အမှန်ဟု မယူကြလင့်။

ကာလာမနွယ်ဖွား အမျိုးသားတို့ **''ဤတရားတို့ကား အကုသိုလ်တရားတို့ဖြစ်၏။ အပြစ်ရှိသောတရားတို့ဖြစ်၏။ ပညာရှိတို့ကဲ့ရဲ့အပ်၏။ ဤတရားတို့ကိုဆောက်တည်ခြင်းအားဖြင့် အစီးအပွားမဲ့၍ ဆင်းရဲခြင်းငှာဖြစ်၏''** ဟု မိမိတို့ကိုယ်တိုင်သိရှိပြီး ပယ်စွန့်ကြကုန်ရာ၏။

ကာလာမနွယ်ဖွား အမျိုးသားတို့ **''ဤတရားတို့ကား ကုသိုလ်တရားတို့ဖြစ်၏။ အပြစ်မရှိကုန်။ ပညာရှိတို့ချီးမွမ်းအပ်၏။ ဤတရားတို့ကိုဆောက်တည်ခြင်းအားဖြင့် အစီးအပွားဖြစ်ထွန်း၍ ချမ်းသာခြင်းငှာဖြစ်၏''** ဟု မိမိတို့ကိုယ်တိုင်သိရှိပြီး ပြည့်စုံစေ၍နေကြကုန်ရာ၏။

အင်္ဂုတ္တိရ်ပါဠိ(ပထမတွဲ)တိကနိပါတ်
မဟာဝဂ်၊ ကေသမုတ္တိသုတ်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၂၃/၂၀၁၄)
၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်
(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရန်နှင့် ကာကွယ်ရန်တို့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၉ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များပါဝင်သော **''မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်''** ကို ဖွဲ့စည်းတာဝန်ပေးလိုက်သည်-

(က) ဦးဝင်းမြ — ဥက္ကဋ္ဌ
သံအမတ်ကြီး (အငြိမ်းစား)
(ခ) ဦးစစ်မြိုင် — ဒုတိယဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)၊
လူမှုဝန်ထမ်းဦးစီးဌာန
(ဂ) ဦးဇော်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)
အကျဉ်းဦးစီးဌာန
(ဃ) ဦးယုလွင်အောင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ(အငြိမ်းစား)၊ လူမှုဖူလုံရေးအဖွဲ့
အလုပ်သမား၊ အလုပ်အကိုင်နှင့်
လူမှုဖူလုံရေးဝန်ကြီးဌာန
(င) ဦးညွှန့်ဆွေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)၊
နိုင်ငံခြားရေးဝန်ကြီးဌာန
(စ) ဒေါက်တာမြင့်ကြည် — အဖွဲ့ဝင်
ဒုတိယပါမောက္ခချုပ်(စီမံ) (အငြိမ်းစား)
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်
(ဆ) ဒေါက်တာဥာဏ်ဇော — အဖွဲ့ဝင်
ပြည်နယ်ဆေးရုံအုပ်ကြီး(အငြိမ်းစား)
(ဇ) ဒေါက်တာဒေါ်သန်းနွဲ့ — အဖွဲ့ဝင်
ပါမောက္ခ/ဌာနမှူး(အငြိမ်းစား)၊
ဥပဒေပညာဌာန
(စျ) ဒေါ်မြမြ — အဖွဲ့ဝင်
ဒုတိယအထွေထွေမန်နေဂျာ(အငြိမ်းစား)
မြန်ကြားရေးဝန်ကြီးဌာန
(ည) ဦးခင်မောင်လေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(အငြိမ်းစား)၊
အလုပ်သမားညွှန်ကြားမှုဦးစီးဌာန
(ဋ) ဦးစိုးဘုန်းမြင့် — အဖွဲ့ဝင်
ဦးစီးအရာရှိ(အငြိမ်းစား)၊ ရှေ့နေချုပ်ရုံး

၂။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၆၉ ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၅-၉-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးဆိုင်ရာ ရည်မှန်းချက်များပြည့်မီအောင် မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၄

(၁၄)ကြိမ်မြောက် အာဆီယံအပေါင်းသုံးနိုင်ငံများ၏ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးကို နေပြည်တော်ရှိ Horizon Lake View Resort ၌ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင်ကျင်းပရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် အပေါင်းသုံးနိုင်ငံများဖြစ် သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ဝင်ပေါင်း ၃၀၂ ဦး တက်ရောက်ကြသည်။ (ယာဝုံ)

အစည်းအဝေးတွင် သဘာပတိအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်ပြီး ပူးတွဲသဘာပတိများအဖြစ် **တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနမှဝန်ကြီး H.E. Mr.Han Chanfu ၊ ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနမှဝန်ကြီး H.E. Mr. Koya Nishikawa နှင့် ကိုရီးယားသမ္မတနိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Yeo In- hong တို့က** ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ (၁၄)ကြိမ်မြောက် အာဆီယံအပေါင်းသုံးနိုင်ငံများ၏ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ သဘာပတိဖြစ်သူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများနှင့် ကိုယ်စားလှယ်များကို နွေးထွေးစွာ ကြိုဆိုပါကြောင်း။

မိမိတို့အားလုံးသည် အာရှနိုင်ငံသားများဖြစ်သည့် အားလျော်စွာ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံအထူးသဖြင့် စားသောက်မှုပုံစံများမှာ တူညီကြသည့်အတွက် စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးဆိုင်ရာ ရည်မှန်းချက်များပြည့်မီအောင် မိမိတို့အားလုံးက နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ကြမည်ကို ယုံကြည်ပါကြောင်း။

အာဆီယံအပေါင်းသုံးနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနည်းဗျူဟာ အစီအစဉ်အရ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများဖြစ်သော အာဆီယံအပေါင်းသုံး အရေးပေါ်ဆန် အရန်ရိက္ခာထားရှိရေး သဘောတူညီချက်၊ အာဆီယံစားနပ်ရိက္ခာ ဖူလုံရေးဆိုင်ရာ သတင်းအချက်အလက်စနစ်နှင့် စားနပ်ရိက္ခာဖူလုံရေးနှင့် ဇီဝလောင်စာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အာဆီယံအပေါင်းသုံး ဘက်စုံပူးပေါင်းဆောင်ရွက်ရေးနည်းဗျူဟာ စသည့် အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းများကို နီးကပ်စွာ ကြီးကြပ်ကွပ်ကဲကြရန် လိုအပ်ပါကြောင်း။

စားနပ်ရိက္ခာ ထုတ်လုပ်မှုကို ထိခိုက်နိုင်သည့် လူသားများကြောင့်ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များနှင့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရေး၊ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးနှင့် သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို အတူတကွ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း။

ယနေ့အစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ချက်များသည် အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်စေရေးဆိုင်ရာ မျှော်မှန်းချက်ဖြစ်သည့် တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုပုံစံကို အခြေခံသော ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသောဒေသကြီး ပေါ်ထွန်းလာရေးကို အထောက်အကူဖြစ်မည်ဟု ယုံကြည်မိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အစည်းအဝေး၏ ပူးတွဲသဘာပတိများဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စိုက်ပျိုးရေးဝန်ကြီးဌာနမှဝန်ကြီး၊ ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနမှ ဝန်ကြီးနှင့် ကိုရီးယားသမ္မတနိုင်ငံ စိုက်ပျိုးရေးသစ်တောနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ကလည်း အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ တက်ရောက်လာသော အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံနှင့် အပေါင်းသုံးနိုင်ငံများမှ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများ ပူးပေါင်းဆောင်ရွက်နေမှုလုပ်ငန်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းများ၏ လက်ရှိအခြေအနေကိုတင်ပြ၍ အတည်ပြုချက်ရယူခြင်း၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ အဆိုပြုတင်သွင်းသည့် ဝတ်မှတ်ခေါင်းပါးမှု ပရောဂျက်ရေစိန်ခေါ်မှုအပေါ် ဆွေးနွေးညှိနှိုင်း၍ လမ်းညွှန်မှုပြုခြင်း၊ တောင်သူလယ်သမား မိသားစုဆိုင်ရာ အပြည်ပြည်ဆိုင်ရာနှစ် (၂၀၁၄) ၏ ပိတ်ပွဲအခမ်းအနားနှင့် စပ်လျဉ်း၍ ဖိလစ်ပိုင်နိုင်ငံမှ ကြေညာခြင်း စသည်တို့အပေါ် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့အပြင် နောက်တစ်ကြိမ် ၂၀၁၅ ခုနှစ်တွင်ကျင်းပမည့် (၁၅) ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး ကျင်းပမည့်နေ့ရက်နှင့် အချိန်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် **လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များတိုးမြှင့်ရေးအတွက် အာဆီယံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ ၂၀၁၅-၂၀၁၉(Memorandum of Understanding on ASEAN Cooperation and Joint Approaches in Agriculture and Forest Products Promotion Scheme (2015-2019))** ကို သဘာပတိ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် အာဆီယံ အဖွဲ့ဝင်(၁၀)နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများက ပါဝင်တက်ရောက် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် (၃၆)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် (၁၄)ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးတို့၏ ပူးတွဲသတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပရာ သဘာပတိ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပူးတွဲသတင်းထုတ်ပြန်ချက်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

အိန္ဒိယနိုင်ငံ၏ ပထမဆုံးဂြိုဟ်တု အင်္ဂါဂြိုဟ်သို့ရောက်ရှိ

နယူးဒေလီ စက်တင်ဘာ ၂၄

အိန္ဒိယနိုင်ငံသည် အင်္ဂါဂြိုဟ်သို့ ဂြိုဟ်တုတစ်စင်း အောင်မြင်စွာလွှတ်တင်နိုင်ခဲ့သည့် စတုတ္ထမြောက်နိုင်ငံ ဖြစ်လာခဲ့သည်။ Mangalyaan အာကာသစူးစမ်းရေးယာဉ်သည် အဆိုပါဂြိုဟ်၏ လေထုလွှာအတွင်း လေ့လာမှုများကို မကြာမီလုပ်ဆောင်တော့မည်ဖြစ်သည်။

ဘန်ဂလောမြို့ မစ်ရှင်ထိန်းချုပ်ရေးဌာနမှ နိုင်ငံအတွက် မမျှော်လင့်ရဲသော အောင်မြင်မှုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ အခက်အခဲများစွာကို ရင်ဆိုင်ခဲ့ရပြီး ကမ္ဘာတစ်ဝန်းလုံးက ကြိုးစားခဲ့သည့် မစ်ရှင် ၅၁ ခုရှိရာ ၂၁ ခုသာ အောင်မြင်ခဲ့သည့်အနက် မိမိတို့နိုင်ငံပါဝင်ခဲ့ကြောင်း အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက ပြောခဲ့သည်။

အမေရိကန်၊ ဥရောပနှင့် ရုရှားနိုင်ငံများကလည်း ယခင်က အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးမစ်ရှင်များ ပြုလုပ်ခဲ့သော်လည်း အိန္ဒိယနိုင်ငံသည် ပထမဆုံးကြိုးပမ်းမှု၌ ပထမဆုံး အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။ အမေရိကန်တို့နောက်ဆုံးလွှတ်တင်ခဲ့သည့် ဂြိုဟ်တုသည် အင်္ဂါနေ့က အင်္ဂါဂြိုဟ်သို့ ရောက်ရှိခဲ့သည်။

နာဆာက အိန္ဒိယ အာကာသစူးစမ်းလေ့လာရေးဆိုင်ရာ သုတေသနအဖွဲ့ (အိုင်အက်စ်အာရ်အို)ကို ဗုဒ္ဓဟူးနေ့က အောင်မြင်မှုအတွက် ချီးကျူးဂုဏ်ပြုခဲ့သည်။

မြေပြင်စခန်းရှိ နည်းပညာရှင်များက Mangalyaan၏ သတင်းများကို စောင့်ဆိုင်းရာ၌ စိုးရိမ်ပူပန်မှုများရှိသော်လည်း သောင်းသောင်းဖြဖြ ကြိုဆိုနေကြကြောင်း ဘန်ဂလောရောက် ဘီဘီစီသတင်းထောက်က ပြောခဲ့ သည်။ ယခုမစ်ရှင်အတွက် ရူပီး ၄ ဒသမ ၅ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၄သန်း) ကုန်ကျခဲ့ရာ ကုန်ကျစရိတ် အနည်းဆုံးဖြစ်သည်။

Mangalyaan ကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၅ ရက်က ဘင်္ဂလားပင်လယ်အော်ကမ်းခြေရှိ ရှရီဟာရီကိုတာ အာကာသစခန်း၌ စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

(ဘီဘီစီ)

၂၀၂၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လုပ်မှုထိန်းချုပ်ရေး ကုလသမဂ္ဂ၌ တရုတ်က ကတိပြု

ဂျိုနီဗာ စက်တင်ဘာ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပထမဆုံးအကြိမ်အဖြစ် ရာသီဥတုပြောင်းလဲမှုကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂထိပ်သီး ညီလာခံ၌ ကတိပြု ပြောဆိုလိုက်သည်။

တရုတ်နိုင်ငံက ၂၀၂၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လုပ်မှုကို ထိန်းချုပ်သွားမည်ဟုဆိုသည်။ တရုတ်နိုင်ငံ၏ ကာဗွန်ထုတ်လုပ်မှုသည် မကြာမီ ကမ္ဘာ့အမြင့်ဆုံးသို့ရောက်ရှိနိုင်ကြောင်း တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ကျန်ဂေါ်လီက ပြောသည်။

ရာသီဥတုပြောင်းလဲမှုသည် ခန့်မှန်းသည်ထက် ပို၍မြန်ဆန်နေကြောင်း၊ အမေရိကန်နှင့်တရုတ်တို့က အခြားသောနိုင်ငံများကိုဦးဆောင်လျက် ကာဗွန်ထုတ်လုပ်မှုလျော့ကျရေး ဦးဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ပြောသည်။

အဆိုပါထိပ်သီးအစည်းအဝေးသည် ၂၀၀၉ ခုနှစ်နောက်ပိုင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစည်းအဝေးများတွင် အဆင့်အမြင့်ဆုံး အစည်းအဝေးဖြစ်သည်။

ယင်းထိပ်သီးအစည်းအဝေးကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း ဦးဆောင်လျက် လက်ခံကျင်းပပေးခြင်းဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံ ၁၂၀ က လာမည့်နှစ်တွင် ပါရီမြို့၌ ကမ္ဘာ့ရာသီဥတုဆိုင်ရာ သဘောတူညီချက်သစ်တွင် လက်မှတ်ရေးကြမည် ဖြစ်သည်။ **(ဘီဘီစီ)**

တာလီဘန်များတိုက်ခိုက်မှု ရဲအရာရှိလေးဦးသေဆုံး

ကဘူးလ် စက်တင်ဘာ ၂၄

အာဖဂန်မြောက်ပိုင်းပြည်နယ်၏မြို့တော် ကွန်ဒုဇ်ရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်ကို ဗုဒ္ဓဟူးနေ့က တာလီဘန်များက တိုက်ခိုက်ခဲ့ရာ အရာရှိ လေးဦးသေဆုံးခဲ့ပြီး အခြားလေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဖြစ်စဉ်မှာ စစ်သွေးကြွများက ကွန်ဒုဇ်မြို့စွန်ရှိ အာဖဂန်ရဲတပ်ဖွဲ့(အေအယ်လ်ပီ)စစ်ဆေးရေးဂိတ်ကို ဒေသစံတော်ချိန် နံနက် ၈ နာရီက တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ တိုက်ခိုက်မှု၌ ရဲအရာရှိ လေးဦးသေဆုံး၍ အေအယ်လ်ပီတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့သည်ဟု အေအယ်လ်ပီ အရာရှိက ဆင်ဟွာသို့ ပြောသည်။ တာလီဘန်စစ်သွေးကြွများသည် ပြီးခဲ့သည့် နှစ်လကလည်း နေတိုးနှင့် အမေရိကန်တပ်ဖွဲ့ဝင်များကို အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ **(ဆင်ဟွာ)**

၂၀၁၄ ခုနှစ် ကမ္ဘာ့ကုန်သွယ်ရေးတိုးတက်မှုနှုန်း နေးကွေးမည်ဟုခန့်မှန်းရ

ဂျိုနီဗာ စက်တင်ဘာ ၂၄

၂၀၁၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုမှာ ယခင်ခန့်မှန်းထားသည့် ၄ ဒသမ ၇ ရာခိုင်နှုန်းထက် လျော့နည်းပြီး ၃ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်မည် ခန့်မှန်းရကြောင်း အင်္ဂါနေ့က ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ် (WTO) မှ ထုတ်ပြန်သည့် နောက်ဆုံးပိတ် ကိန်းဂဏန်းများအရ သိရှိရသည်။

ထို့အပြင် ၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု မှာ ယခင် ခန့်မှန်းထားသည့် ၅ ဒသမ ၃ ရာခိုင်နှုန်းထက်လျော့နည်းပြီး ၄ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းရကြောင်း WTO က ပြောကြားသည်။

၂၀၁၄ ခုနှစ် ပထမနှစ်ဝက်ကာလ အတွင်း ခန့်မှန်းထားသည်ထက် ဂျီဒီပီ တိုးတက်မှုနှေးကွေးခြင်းနှင့်သွင်းကုန်လိုအပ်ချက်လျော့ကျခြင်း၊ အထူးသဖြင့် တွင်းထွက်ပစ္စည်းတင်ပို့ရောင်းချသည့်နိုင်ငံများ၏ ဂျီဒီပီတိုးတက်မှုနှေးကွေးခြင်းတို့မှာ ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု ခန့်မှန်းချက်လျော့တွက်ရခြင်း၏အကြောင်းရင်းများဖြစ်သည်ဟု WTO စီးပွားရေး ပညာရှင်များက ပြောကြားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်ရုံး

၂၀၁၄ ခုနှစ်အတွင်း ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ပို့ကုန်ပစ္စည်းရောင်းချမှု ၂ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်ပစ္စည်းရောင်းချမှု ၄ ဒသမ ၀ ရာခိုင်နှုန်းတိုးတက်မည်ဟု မျှော်လင့်ရကြောင်း WTO က ပြောကြားသည်။

ထို့အတူ ၂၀၁၄ ခုနှစ်အတွင်း ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကုန်ပစ္စည်းတင်သွင်းမှု ၃ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကုန်ပစ္စည်းတင်သွင်းမှု ၂ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းရကြောင်း WTO က ဆက်လက်ပြောကြားသည်။ **(ဆင်ဟွာ)**

အိုင်အက်စ်စစ်သွေးကြွတိုက်ပွဲ နှစ်ချီကြာနိုင်သည်ဟု အမေရိကန်ဆို

ဝါရှင်တန် စက်တင်ဘာ ၂၄

ဂျီဟတ်အစ္စလာမ္မစ်အဖွဲ့ အိုင်အက်စ်တို့အား တိုက်ခိုက်ချေမှုန်းရာတွင် နှစ်ချီကြာနိုင်ကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဘီဘီစီသို့ ပြောကြားလိုက်သည်။

ဆီးရီးယားရှိ အိုင်အက်စ်တို့အား အမေရိကန်ဦးဆောင်လျက် လေကြောင်းတိုက်ခိုက်မှုကို ပြုလုပ်နေပြီဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ဂျွန်ကာဘိုင်က ပြောသည်။

အမေရိကန်သမ္မတဘာရက်အိုဘားမားက အိုင်အက်စ်တို့အား တိုက်ခိုက်ရာတွင် အာရပ်နိုင်ငံများပါဝင်ခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်းပြောကြားပြီး အထက်ပါ မှတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ နိုင်ငံပေါင်း ၅၀ ကျော်က အိုင်အက်စ်တို့အား လေကြောင်းမှ ပါဝင်တိုက်ခိုက်နေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောသည်။

အိုင်အက်စ်တို့သည် ဆီးရီးယားနှင့် အီရတ်နယ်မြေအများအပြားကို သိမ်းပိုက်ထားသည်။ အမေရိကန်ကသြဂုတ်လမှ စတင်ကာ အီရတ်ရှိ အိုင်အက်စ်တို့အား လေကြောင်းမှ အကြိမ် ၂၀၀ နီးပါး တိုက်ခိုက်ခဲ့သည်ဟုဆိုသည်။ **(ဘီဘီစီ)**

အိုစမာဘင်လာဒင်၏ သမက်ဖြစ်သူ အဘူဂရစ် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချ

နယူးယောက် စက်တင်ဘာ ၂၄

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုအပြီး အယ်လ်ခိုင်ဒါ ပြောရေးဆိုခွင့်ရှိသူအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အိုစမာဘင်လာဒင်၏ သမက်ဖြစ်သူအား နယူးယောက်မြို့ တရားရုံး၌ အကြမ်းဖက်မှုနှင့် ဆက်နွယ်သော အမှုများဖြင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချလိုက်သည်။

အသက် ၄၈ နှစ်ရှိသူ လိန်မန် အဘူဂရစ်သည် အဆိုပါစက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုပြုလုပ်စဉ်ကတည်းက အမေရိကန်မြေပေါ်တွင် အဆင့်အမြင့်ဆုံး အလ်ယ်ခိုင်ဒါတစ်ဦးအဖြစ် တရားရင်ဆိုင်ခဲ့ရသည်။

ကူဝိတ် ဘုန်းတော်ကြီးအဖြစ် ၎င်းအား ပြီးခဲ့သည့်နှစ်က ဂျော်ဒန်၌ ဖမ်းဆီးမိခဲ့ပြီး အမေရိကန်နိုင်ငံသို့ ပို့ပေးခဲ့သည်။ မတ်လအတွင်းက တရားသူကြီးက အဘူဂရစ်အား အမေရိကန်များအား သတ်ဖြတ်မှုဖြင့် အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်ဟု ဆိုသည်။

"သူဟာ အမေရိကန်တွေကို သတ်ဖို့ အယ်လ်ခိုင်ဒါကြေညာချက်ကို ထုတ်ပြန်ခဲ့သူလို့ ဝန်ခံထွက်ဆိုခဲ့ပါတယ်" ဟု အမေရိကန်တရားသူကြီး လူးဝစ်ကာပလင်က ပြောသည်။

၉/၁၁ တိုက်ခိုက်မှုတစ်ခုတွင် ဘင်လာဒင်က အလ်ယ်ခိုင်ဒါပြောရေးဆိုခွင့်ရှိသူအဖြစ် ၎င်းအား တာဝန်ထမ်းဆောင်ရန် တောင်းဆိုခဲ့သည်ဟုလည်း စုံစမ်းစစ်ဆေးတွေ့ ရှိခဲ့သည်။

အဘူဂရစ်သည် အကြမ်းဖက်ဝါဒနှင့်ဆက်နွယ်သော စွပ်စွဲမှုများတွင် အဆင့်အမြင့်ဆုံး အယ်လ်ခိုင်ဒါဖြစ်ပြီး ၎င်းသည် ဘင်လာဒင်၏ အကြီးဆုံးသမီး ဖာတီမာအား လက်ထပ်ထားသူဖြစ်သည်။ အယ်လ်ခိုင်ဒါ တည်ထောင်သူ ဘင်လာဒင်သည် ၂၀၁၁ ခုနှစ် မေလက ပါကစ္စတန်နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သည်။

(ဘီဘီစီ)

ပြည်တွင်းသတင်းနှင့် နိုင်ငံတကာ

ဆီးရီးယားနိုင်ငံ အိုင်အက်စ်အကြမ်းဖက်များအပေါ် အမေရိကန်နှင့် ပင်လယ်ကွေ့ အာရပ်မဟာမိတ်များ စတင်တိုက်ခိုက်

ကျော်သဲအိမ်

ဝါရှင်တန် စက်တင်ဘာ ၂၄

အမေရိကန်ပြည်ထောင်စုနှင့် ၄င်း၏ပင်လယ်ကွေ့ မဟာမိတ်များက အင်္ဂါနေ့ကစပြီး ဆီးရီးယားရှိ အိုင်အက်စ်အကြမ်းဖက်အဖွဲ့၏ ခြေကုပ်စခန်းများကို လေကြောင်းတိုက်ခိုက်မှုအပြင် ဒုံးကျည်များဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်ကာ ၄င်းအကြမ်းဖက်သမားများနှင့် ပတ်သက်ပြီး ရှေ့တန်းစစ်မျက်နှာသစ်တစ်ခု ဖွင့်လိုက်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်နိုင်ငံများသည် တိုက်လေယာဉ်၊ ဗုံးကြဲလေယာဉ်နှင့် တိုမာဟောက်ခ် မြေပြင်တိုက်ခိုက်ရေးဒုံးကျည်များအသုံးပြုလျက် ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်နေကြပြီဖြစ်ကြောင်း ပင်တဂွန်သတင်းထုတ်ပြန်ရေး အတွင်းရေးမှူး ဗိုလ်ချုပ်ဂျွန်ကိုင်ဘီက ပြောကြားသည်။

ထိုးစစ်ဆင်တိုက်ခိုက်မှုတွင် အမေရိကန်ပြည်ထောင်စုနှင့်အတူ ဆော်ဒီအာရေဗျ၊ ယူအေအီး၊ ဂျော်ဒန်နှင့်ဘာရိန်းတို့လည်း ပါဝင်ကြကြောင်း၊ သို့သော် ယင်းမဟာမိတ်နိုင်ငံများက မည်သည့်အခန်းကဏ္ဍ၌ ပါဝင်ကြသည်ကို မသိရသေးကြောင်း၊ ကာတာကမူ လေကြောင်းတိုက်ခိုက်မှုများတွင် ပါဝင်ကူညီပံ့ပိုးနေကြောင်း၊ စစ်ဆင်ခွဲနေဆဲဖြစ်၍ အခြေအနေအရပ်ရပ်ကို မသိနိုင်သေးကြောင်း အမည်မဖော်လိုသူ အမေရိကန် တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

တိုက်ခိုက်မှုတွင် လက်နက်ခဲယမ်းအပြည့် တပ်ဆင်ထားသည့် အမေရိကန် မောင်းသူမဲ့လေယာဉ်များနှင့် မြေပြင်မှမြေပြင်ပစ် တိုမာဟောက်ခ်ခရစ် ဒုံးကျည်များကို တင်ဆောင်ပစ်ခတ်နေသော အမေရိကန်စစ်သင်္ဘောများ ပါဝင်ပြီး အရှေ့အလယ်ပိုင်းအတွင်းရှိ နယ်နိမိတ်များကို ဖျောက်ဖျက်ကာ ပိုင်နက်တစ်ခုတောင်းဆိုရေးအတွက် အီရတ်နှင့်ဆီးရီးယားရှိ နယ်မြေတော်တော်များများကို သိမ်းပိုက်ထားသော အစွန်းရောက် ဆွန်နီမူဆလင် အင်အားစုတစ်ခုဖြစ်သည့် အိုင်အက်စ်၏ဌာနချုပ် "ရက်ဂ္ဂျာမြို့" ကို အဓိကပစ်မှတ်ထား တိုက်ခိုက်နေကြသည်။

ဆီးရီးယားမြို့တော်နှင့် ၄၀၀ ကီလိုမီတာ (မိုင် ၂၅၀) ကွာဝေးသောရက်ဂ္ဂျာမြို့ရှိ အိုင်အက်စ်ဌာနချုပ်ကို ပစ်မှတ်ထား တိုက်ခိုက်လိမ့်မည်ဟု အမေရိကန်ပြည်ထောင်စုက တနလင်္ဂနေ့တွင် ဆီးရီးယားဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ်ကို အသိပေးအကြောင်းကြားခဲ့သည်ဟု ဆီးရီးယားရုပ်မြင်သံကြားဌာနက ထုတ်ပြန်ကြေညာသည်။ ထို့အတူ အမေရိကန်တာဝန်ရှိသူများနှင့် ဆီးရီးယားစစ်ပွဲအတွင်း အကြမ်းဖက်မှုလုပ်ရပ်များကို စောင့်ကြည့်လေ့လာသော Syrian Observatory for Human Rights အဖွဲ့က တိုက်ခိုက်မှုတွင် အိုင်အက်စ်အဖွဲ့၏ အဆောက်အအုံများ၊ ၄င်းတို့၏ လက်နက်ထောက်ပံ့မှုများနှင့် စစ်ဆေးရေးဂိတ်များ ထိမှန်ပျက်စီးသွားခဲ့ကြောင်း၊ အီရတ်-ဆီးရီးယားနယ်စပ်တစ်လျှောက်ရှိ ဒေသများကိုလည်း ထိမှန်ခဲ့ပြီးသေဆုံးသူ၊ ဒဏ်ရာရသူ ဆယ်ဂဏန်းမျှရှိကြောင်း ရိုက်တာသတင်းထောက်များကို ပြောကြားသည်။

အမေရိကန်ပင်လယ်ကွေ့မဟာမိတ်များ ဆီးရီးယားရှိ အိုင်အက်စ်များကို လေကြောင်းမှ တိုက်ခိုက်ပြီးနောက် တွေ့ရစဉ်။

အမေရိကန်ဦးဆောင်သည့် အဆိုပါ တိုက်ခိုက်မှုကို အများကလက်ခံနိုင်ရေးအတွက် အာရပ်မဟာမိတ်များ၏ ပါဝင်ပံ့ပိုးမှုက အထူးအရေးကြီးသည်ဟု ရှုမြင်ကြသည်။ အရှေ့အလယ်ပိုင်းရှိ အမေရိကန်မဟာမိတ်များက ဝါရှင်တန်အနေဖြင့် ဒေသတွင်းရှိ နိုင်ငံတိုင်းနီးပါး လောင်းကြေးထပ်နေရသည့် ပဋိပက္ခတစ်ရပ်ကို မည်သည့် အတိုင်းအတာထိ ကိုင်တွယ်ဖြေရှင်းပေးမည်ဆိုသော အချက်အပေါ် သံသယဖြင့် ရှိနေကြသည်။

နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် အိုင်အက်စ်တို့ကို တိုက်ခိုက်လိမ့်မည်ဟု အစီအစဉ်များနှင့် ယင်းတိုက်ခိုက်မှုတွင် အာရပ်မဟာမိတ်နိုင်ငံများ ပါဝင်ကူညီပံ့ပိုးမှုနှင့် ပတ်သက်ပြီး အာရပ်နှင့် ဥရောပနိုင်ငံများရှိ နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးရန် ကုလသမဂ္ဂအထွေထွေအစည်းအဝေးမကျင်းပမီ သီတင်းပတ်က နယူးယောက်မြို့သို့ သွားရောက်ခဲ့သည်။ ဂျွန်ကယ်ရီသည် တနလင်္ဂနေ့က ဆော်ဒီ နိုင်ငံခြားရေးဝန်ကြီး ဆော့ဒ်အယ်လ်ဖေဆယ်နှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဖီလစ်ဟမ်မွန်တို့နှင့်တွေ့ဆုံကာ အာရပ်ပင်လယ်ကွေ့နိုင်ငံများအပါအဝင် တစ်ဒါဇင်ကျော်ရှိ နိုင်ငံများပါဝင်ဆွေးနွေးသည့် အစည်းအဝေးကို တက်ရောက်ခဲ့ကြသည်။ ယင်းအစည်းအဝေးတွင် လစ်ဗျာန်မ်ဖြစ်ပွားသည့် ပဋိပက္ခအပေါ် အဓိကထား ဆွေးနွေးခဲ့ကြသည်။

ဆော်ဒီအာရေဗျနှင့် ယူအေအီးအပါအဝင် အာရပ်နိုင်ငံအများစုတွင် တောင့်တင်းခိုင်မာသည့် လေတပ်အင်အားရှိသည့်အပြင် ဆော်ဒီအာရေဗျသည် ဆီးရီးယားအတိုက်အခံ တိုက်ခိုက်ရေးသမားများအတွက် အမေရိကန်က လေ့ကျင့်သင်တန်းပေးမည့် အစီအစဉ်ကိုပါ လက်ခံသဘောတူခဲ့ပြီးဖြစ်သည်။

သို့သော်လည်း ပင်လယ်ကွေ့အာရပ်နိုင်ငံအများစုမှာ အစွန်းရောက်သမားများနှင့် ဆီးရီးယားအစိုးရကို သစ္စာစောင့်သိသော တပ်ဖွဲ့များ၏ ရန်တို့ပြန်မှုကို ကြောက်ရွံ့နေရသည့်အားလျော်စွာ အမေရိကန်တို့၏ တိုက်ခိုက်မှုကို ပေါ်ပေါ်တင်တင် ကူညီပံ့ပိုးမှုမပြုလုပ်ခဲ့ကြပေ။

အမေရိကန်တို့ တိုက်ခိုက်မှုသည် အိုင်အက်စ်အကြမ်းဖက်အဖွဲ့အား သဲကြီးမဲကြီး တိုက်ခိုက်ချေမှုန်းရာတွင် အခြားနိုင်ငံများပါဝင်လာရေးအတွက် အမေရိကန်က လှုံ့ဆော်စည်းရုံးမှု ပြုလုပ်နိုင်ဖွယ်ရှိသည့် ကုလသမဂ္ဂ အထွေထွေညီလာခံတက်ရောက်ရန် သမ္မတအိုဘားမားက နယူးယောက်မြို့သို့ မသွားမီ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အိုဘားမားအနေဖြင့် လွန်ခဲ့သောတစ်နှစ်ခန့်က ဆီးရီးယားပြည်တွင်းစစ်၌ ပါဝင်ပတ်သက်မှုမှ ရှောင်ရှားခဲ့သည့်တိုင် အမေရိကန်ပြည်ထောင်စုအတွက် အပြုသဘောဆောင်သည့် ရလဒ်များမတွေ့ခဲ့ရသည့်အပြင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့၏ ပုန်ကန်ထကြွမှုနှင့် ဖမ်းဆီးခံထားရသည့် အမေရိကန်နိုင်ငံသား နှစ်ဦးအား ခေါင်းဖြတ်အဆုံးစီရင်လိုက်မှုတို့က အိုဘားမားကို ရပ်တည်ချက်လမ်းကြောင်း ပြောင်းသွားစေခဲ့သည်။

သမ္မတအိုဘားမား အပ်နှင်းလိုက်သည့် လုပ်ပိုင်ခွင့်အာဏာဖြင့် အမေရိကန်အလယ်ပိုင်း စစ်ဌာနချုပ်မှူးဗိုလ်ချုပ်ကြီး ဘော့စတင်က တိုက်ခိုက်မှုစတင်လိုက်ခြင်းဖြစ်ကြောင်း၊ တိုက်ပွဲအခြေအနေ အသေးစိတ်ကိုမူ နောက်မှ ထုတ်ပြန်လိမ့်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်ဂျွန်ကိုင်ဘီက ပြောကြားသည်။ **(ရိုက်တာ)**

မင်္ဂလာဒုံနှင့် မော်ဘီမြို့နယ်တို့တွင် ဘိန်းဖြူ ၁၄၁ ဒသမ ၆၂ ဂရမ် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၅၂၈ ပြား၊ ဘိန်းဆီခဲ ၂ ဒသမ ၁ ၂၆၅ ကီလို ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၄

စက်တင်ဘာ ၂၁ ရက်က မူးယစ်တပ်ဖွဲ့စု (၄၀) ရန်ကုန်မြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ရွာမရပ်ကွက် ရန်ကုန်- ပဲခူးလမ်းမပေါ်ရှိ ရောဂီးတည်းခိုခန်းအနီးတွင် ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာသူ လောက်ဖာ(ခ) ကျော်မြင့်နှင့် လောက်တာ(ခ) ယန်ချောင်ပါ(ခ) ဝင်းမောင်တို့နှစ်ဦးအား ရှာဖွေရာ လောက်ဖာ(ခ) ကျော်မြင့်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၄ ပြား သိမ်းဆည်းရမိသည်။



စစ်ဆေး ဖော်ထုတ်ချက်အရ မော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာ အုပ်စု၊ ကြက်ဖြူကန်ကျေးရွာ ရန်ကုန်-ပြည်လမ်းဘေးရှိ မရီရီဝင်း(ခ) မပဲပြား၏ ကြက်မွေးမြူရေးခြံကို ရှာဖွေရာ ၎င်းနှင့် မောင်မောင်ရွှေတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၂၇၂ ပြား၊ ဘိန်းဖြူဆပ်ပြာခွက် နှစ်ခွက်၊ ဘိန်းဖြူ အလေးချိန် ၂၁ ဒသမ ၁၂ ဂရမ်၊ ဘိန်းဆီခဲ ၆၇၆ ဂရမ်၊ မောင်မြင့် (ခ) တွမ်လီမြင့်နှင့် လှစုံတို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား သုံးပြား၊ သုံးစွဲလက်စ စိတ်ကြွရူးသွပ်ဆေးပြား ၀ ဒသမ ၀၃ ဂရမ်နှင့် ဘိန်းဖြူ ၀ ဒသမ ၆ ဂရမ် ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ကွင်းအမှတ် (၅၁၂-A)ရှိ လောက်တာ(ခ) ယန်ချောင်ပါ (ခ) ဝင်းမောင်ဆိုသူ၏ ကြက်ခြံကို ရှာဖွေရာ ၎င်း၏ အိပ်ခန်းအတွင်းမှ ဘိန်းဖြူ ၁၁၉ ဒသမ ၃ ဂရမ်၊ ဘိန်းဆီခဲ ၁ ဒသမ ၄၄၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၄ ပြား သိမ်းဆည်းရမိပြီး ၎င်းအခန်းနှင့် ကပ်လျက်အခန်းအတွင်းရှိ ဟန်ဝင်းအောင်၊ ရွှေမောင်ဦးနှင့် လှမြင့်ဦးတို့ သုံးဦးထံမှ ဘိန်းဖြူ ၀ ဒသမ ၆ ဂရမ်၊ ဘိန်းဆီခဲ ၄ ဒသမ ၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၀၊ ဒသမ ၅ ဂရမ်ခန့် ရှိသည်ကို တွေ့ရှိခဲ့ကြသည်။ ယင်းအစည်းအဝေးတွင် လစ်ဗျာန်ဖြစ်ပွားသည့် ပဋိပက္ခအပေါ် အဓိကထား ဆွေးနွေးခဲ့ကြသည်။

ဆော်ဒီအာရေဗျနှင့် ယူအေအီးအပါအဝင် အာရပ်နိုင်ငံအများစုတွင် တောင့်တင်းခိုင်မာသည့် လေတပ်အင်အားရှိသည့်အပြင် ဆော်ဒီအာရေဗျသည် ဆီးရီးယားအတိုက်အခံ တိုက်ခိုက်ရေးသမားများအတွက် အမေရိကန်က လေ့ကျင့်သင်တန်းပေးမည့် အစီအစဉ်ကိုပါ လက်ခံသဘောတူခဲ့ပြီးဖြစ်သည်။

သို့သော်လည်း ပင်လယ်ကွေ့အာရပ်နိုင်ငံအများစုမှာ အစွန်းရောက်သမားများနှင့် ဆီးရီးယားအစိုးရကို သစ္စာစောင့်သိသော တပ်ဖွဲ့များ၏ ရန်တို့ပြန်မှုကို ကြောက်ရွံ့နေရသည့်အားလျော်စွာ အမေရိကန်တို့၏ တိုက်ခိုက်မှုကို ပေါ်ပေါ်တင်တင် ကူညီပံ့ပိုးမှုမပြုလုပ်ခဲ့ကြပေ။

အမေရိကန်တို့ တိုက်ခိုက်မှုသည် အိုင်အက်စ်အကြမ်းဖက်အဖွဲ့အား သဲကြီးမဲကြီး တိုက်ခိုက်ချေမှုန်းရာတွင် အခြားနိုင်ငံများပါဝင်လာရေးအတွက် အမေရိကန်က လှုံ့ဆော်စည်းရုံးမှု ပြုလုပ်နိုင်ဖွယ်ရှိသည့် ကုလသမဂ္ဂ အထွေထွေညီလာခံတက်ရောက်ရန် သမ္မတအိုဘားမားက နယူးယောက်မြို့သို့ မသွားမီ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အိုဘားမားအနေဖြင့် လွန်ခဲ့သောတစ်နှစ်ခန့်က ဆီးရီးယားပြည်တွင်းစစ်၌ ပါဝင်ပတ်သက်မှုမှ ရှောင်ရှားခဲ့သည့်တိုင် အမေရိကန်ပြည်ထောင်စုအတွက် အပြုသဘောဆောင်သည့် ရလဒ်များမတွေ့ခဲ့ရသည့်အပြင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့၏ ပုန်ကန်ထကြွမှုနှင့် ဖမ်းဆီးခံထားရသည့် အမေရိကန်နိုင်ငံသား နှစ်ဦးအား ခေါင်းဖြတ်အဆုံးစီရင်လိုက်မှုတို့က အိုဘားမားကို ရပ်တည်ချက်လမ်းကြောင်း ပြောင်းသွားစေခဲ့သည်။

သမ္မတအိုဘားမား အပ်နှင်းလိုက်သည့် လုပ်ပိုင်ခွင့်အာဏာဖြင့် အမေရိကန်အလယ်ပိုင်း စစ်ဌာနချုပ်မှူးဗိုလ်ချုပ်ကြီး ဘော့စတင်က တိုက်ခိုက်မှုစတင်လိုက်ခြင်းဖြစ်ကြောင်း၊ တိုက်ပွဲအခြေအနေ အသေးစိတ်ကိုမူ နောက်မှ ထုတ်ပြန်လိမ့်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်ဂျွန်ကိုင်ဘီက ပြောကြားသည်။ **(ရိုက်တာ)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်ုပ်တို့ခန္ဓာကိုယ်အတွင်းရှိရေ

သိပ္ပံစာရေးဆရာ
ကိုကိုအောင်

ဤမြေကမ္ဘာပေါ်တွင် ရှင်သန်ရပ်တည်နေကြသော လူသားများ၊ အပင်နှင့် တိရစ္ဆာန်များအပါအဝင် ဇီဝမျိုးစုံ၊ မျိုးကွဲတို့၏ ခန္ဓာကိုယ်အတွင်း၌ ရေများ ပါဝင်ဖွဲ့စည်းထားသော အစိတ်အပိုင်းတို့ဖြင့် ပြည့်နှက်လျက်ရှိနေသည်။ ထိုသို့သော အပင်နှင့် သတ္တဝါတို့၏ ကိုယ်တွင်းရှိရေများကို ဇီဝရေဟုခေါ်ဆိုပြီး တစ်ကမ္ဘာလုံးရှိ လူတို့အပါအဝင် ဇီဝမျိုးစုံမျိုးကွဲတို့၏ ကိုယ်တွင်းရှိ ရေပမာဏ စုစုပေါင်းသည် ကုဗမိုင်ပေါင်း ၂၆၉ အထိပင် ရှိနေသည်။

ဇီဝရုပ်တို့၏ ကိုယ်တွင်း၌ရှိနေသော ရေထုထည်ပမာဏသည် ကမ္ဘာ့ရေချိုထုကြီးတစ်ခုလုံး၏ ၀ ဒသမ ၀၀၃ ရာခိုင်နှုန်းအထိ ရှိနေသလို ကမ္ဘာပေါ်ရှိ ရေချိုနှင့် ရေငန်များ စုစုပေါင်းပမာဏ၏ ၀ ဒသမ ၀၀၀၁ ရာခိုင်နှုန်းအဖြစ်လည်း ပါဝင်လျက်ရှိနေသည်။ ထိုသို့ ပါဝင်နေမှု အချိုးအစားသည် တစ်ကမ္ဘာလုံးရှိ မြစ်၊ ချောင်းများအတွင်းမှ ရေထုထည်ပမာဏ၏ ထက်ဝက်မျှ ဖြစ်သလို ကမ္ဘာ့ရွှံ့ညွန်အိုင်များအတွင်းရှိ ရေပမာဏစုစုပေါင်း၏ ၁၀ ပုံ ပုံလျှင် တစ်ပုံခန့်နှင့် ညီမျှသော ပမာဏလည်း ဖြစ်သည်။

လူသားတို့သည် အမိဝမ်းတွင်း၌ သန္ဓေသားအဖြစ်နေခဲ့ရစဉ်က ခန္ဓာကိုယ်တစ်ခုလုံးတွင် ရေသည် ရာနှုန်းပြည့်ပါဝင်နေခဲ့သည်။ အမိဝမ်းမှ ကျွတ်၍ မွေးကင်းစကလေးငယ်အရွယ်ဖြစ်လာသည့်အခါ ရေဓာတ်လျော့နည်းသွားပြီး ခန္ဓာကိုယ်တစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်းမျှသာ ကျန်ရှိတော့သည်။ သိတတ်စအရွယ်သို့ရောက်သောအခါ ရေပါဝင်မှုမှာ ၇၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားပြီး အရွယ်ရောက်လာသည့်အခါ ခန္ဓာကိုယ်အတွင်းရှိ ရေပမာဏမှာ ၇၀ ရာခိုင်နှုန်းမျှသာ ကျန်ရှိတော့သည်။

တဖြည်းဖြည်းနှင့် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ဟော်မုန်း ဓာတ်များ ပြောင်းလဲသွားခြင်း၊ ခန္ဓာကိုယ်တွင်းရှိ ဇီဝဖြစ်စဉ်များ ပြောင်းလဲသွားခြင်းနှင့် ကျောက်ကပ်၏အလုပ်လုပ်ပုံပြောင်းလဲသွားခြင်းတို့ကြောင့် ရေသောက်လိုစိတ် နည်းပါးလာခြင်းနှင့်အတူ ရေပါဝင်မှုကလည်း ခန္ဓာကိုယ်အလေးချိန်၏ ၅၀ ရာခိုင်နှုန်းခန့်အထိ ကျဆင်းသွားရသည်။

လူ့ခန္ဓာကိုယ်အတွင်းရှိ ရေပမာဏစုစုပေါင်း၏ ၆၅ ရာခိုင်နှုန်းသည် ဆဲလ်များအတွင်း၌ရှိနေပြီး ကျန် ၃၅ ရာခိုင်နှုန်းသည် ဆဲလ်များအကြား၌လည်းကောင်း၊ သွေးထဲ၌လည်းကောင်းရှိနေသည်။ လူ့ခန္ဓာကိုယ်အတွင်းရှိ အစိတ်အပိုင်းများအနက် ရေပါဝင်ဖွဲ့စည်းမှု အများဆုံးသော အစိတ်အပိုင်းမှာ အဆုတ်ဖြစ်ပြီး ရေပါဝင်မှုအနည်းဆုံးသော အစိတ်အပိုင်းမှာ အရိုးများပင်ဖြစ်သည်။ အဆုတ်တွင် ရေပါဝင်မှုသည် ၉၀ ရာခိုင်နှုန်းအထိ ရှိနေသလို၊ ဦးနှောက်ထဲတွင် ရေပါဝင်မှုက ၈၅ ရာခိုင်နှုန်းနှင့် သွေးထဲ၌ ရေပါဝင်မှုမှာ ၈၂ ရာခိုင်နှုန်းအထိ ရှိနေသည်။

အရိုးထဲ၌မူ ရေပါဝင်မှုနှုန်းက ၁၅ရာခိုင်နှုန်းမျှသာ ရှိနေသော်လည်း၊ ထိုရေများသည် တစ်စုံတစ်ခုသော ထိခိုက်မှုကြောင့် လွယ်လင့်တကူ အရိုးမကျိုးစေရန် တတ်နိုင်သမျှ ကာကွယ်ပေးထားလျက်ရှိနေသည်။ လူတို့စားသုံးလိုက်သော အစားအစာများထဲတွင် ပါဝင်နေသောရေများသည် အူလမ်းကြောင်းတစ်လျှောက် အစာများ ချောမွေ့စွာရွှေ့လျားနိုင်အောင် ထောက်ကူပေးနေသလို၊ ကိုယ်တွင်းဆဲလ်များက စွန့်ထုတ်လိုက်သော အညစ်အကြေးများကို ကျင်ကြီးကျင်ငယ်အဖြစ် ခန္ဓာကိုယ်ပြင်ပသို့ စွန့်ထုတ်နိုင်ရန်လည်း ကိုယ်တွင်းရှိ ရေများကပင် လုပ်ဆောင်ပေးနေခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ခန္ဓာကိုယ်ထဲ၌ ရေဓာတ်နည်းနေချိန်၌ ဆီးချေပ်၊ ဝမ်းချုပ်ဖြစ်ခြင်းကို ခံစားကြရလေ့ရှိသည်။

မျက်လုံးနှင့် ဦးနှောက်တို့ကို ရေအဓိကအဖြစ်ပါဝင်နေသော အရည်များက ဝန်းရံကာကွယ်ပေးထားသလို၊ အမြဲစွတ်စိုနေရန် လိုအပ်သော လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများဖြစ်သည့် မျက်စိ၊ ပါးစပ်နှင့် နှာခေါင်းတို့ကိုလည်း ရေကပင် အစိုဓာတ်ရှိနေအောင် လုပ်ဆောင်ပေးနေခြင်းဖြစ်သည်။ ထို့ပြင် ပတ်ဝန်းကျင်၏ အပူအအေး ရုတ်ခြည်းပြောင်းလဲမှုဖြစ်သည့်အခါ လူ့ခန္ဓာကိုယ်က ချက်ချင်းဆိုသလို ပူလိုက်၊ အေးလိုက်မဖြစ်စေရန် ခန္ဓာကိုယ်တွင်းရှိ ရေများကပင် ထိန်းညှိပေးလျက်ရှိသည်။

ခန္ဓာကိုယ်အပူချိန်ထက် ပြင်ပအပူချိန်က ပိုပြီးမြင့်လွန်းနေပါက ကိုယ်တွင်းရှိရေများသည် ချွေးအဖြစ်ထွက်လာပြီး ထိုချွေးများ အငွေ့ပြန်သည့်အခါ ခန္ဓာကိုယ်သည် အေးမြသွားကာ သက်သောင့်သက်သာဖြစ်၍ ကျန်နေခဲ့သည်။ ခြေ၊ လက်စသော လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများ လှုပ်ရှားလုပ်ဆောင်နိုင်ရန် ဦးနှောက်က စေ့ဆော်ပေးနေခြင်းဖြစ်ရာ ဦးနှောက်၏ စေ့ဆော်မှုကြောင့် ထွက်ပေါ်လာသော လျှပ်စစ်လှိုင်းများကို အကောင်းဆုံးသော လျှပ်ကူးပစ္စည်းများဖြစ်သည့် ကိုယ်တွင်းရေများက သယ်ဆောင်ပေးသွားခြင်းကြောင့် ဦးခေါင်း၊ မျက်စိ၊ ပါးစပ်၊ လည်ပင်း၊ လက်နှင့် လက်ချောင်းများ၊ ခြေထောက်နှင့် ခြေချောင်းများအားလုံးတို့က ဟန်ချက်ညီညီ လှုပ်ရှားနိုင်ကြခြင်းဖြစ်သည်။

လူတို့၏ ခန္ဓာကိုယ်အတွင်းရှိ ရေများသည် ရှူထုတ်လိုက်သော လေများနှင့် အတူ အခိုးငွေ့များအဖြစ် လည်းကောင်း၊ ခန္ဓာကိုယ်လှုပ်ရှားသည့်အခါနှင့် ပူအိုက်သည့်အခါများတွင် ချွေးများအဖြစ်လည်းကောင်း ကျင်ကြီး၊ ကျင်ငယ်များအဖြစ်လည်းကောင်း ခန္ဓာကိုယ်ပြင်ပသို့ အချိန်နှင့်အမျှ ထွက်သွားကြရသည်။ ထိုသို့သော ဇီဝဓာတုဖြစ်စဉ်များကြောင့်ပင် ခန္ဓာကိုယ်အတွင်းရှိ ရေများသည် နေ့စဉ် တစ်လီတာခန့် ဆုံးရှုံးနေရသည်။

ထိုကဲ့သို့ဆုံးရှုံးသွားသော ရေများ၏ နေရာတွင် လူတို့နေ့စဉ် စားသုံးနေသော အစားအစာများ၊ သစ်သီးသစ်နှံများ၊ ဖျော်ရည်များ၊ အချိုရည်နှင့် သောက်ရေတို့၌ ပါလာသောရေများဖြင့် အစားထိုးပြန်လည်ဖြည့်ဆည်းပေးနေရသည်။ အကယ်၍ ရေဓာတ်ဆုံးရှုံးမှုကို အလျဉ်မီအောင်ဖြည့်ဆည်းမပေးနိုင်ပါက ခန္ဓာကိုယ်အတွင်း၌ ရှိသင့်သော ရေပမာဏအောက်သို့ ကျဆင်းသွားလိမ့်မည်ဖြစ်သည်။ ရေဓာတ် လျော့နည်းလာသည့်အခါ အာခေါင်ခြောက်လာခြင်း၊ တံတွေးနည်းလာခြင်း၊ ဆီးနည်းလာခြင်း၊ ဆီးအရောင်ရင့်လာခြင်းနှင့် ဆီးနုံ့ပြင်းလာခြင်းစသည့် လက္ခဏာများကို ပြသလာလိမ့်မည်ဖြစ်သည်။

ထိုကဲ့သို့ဖြစ်လာခဲ့လျှင် ကျန်းမာရေးမထိခိုက်စေရန်အတွက် ရေများများ သောက်သုံးကြရမည်ဖြစ်သည်။ ပုံမှန်အားဖြင့် ၂၄ နာရီ တစ်ရက်တာအတွက် ရေ နှစ်လီတာခန့်အထိ သောက်သုံးကြရမည်ဖြစ်သည်။ တစ်ကြိမ်ရေသောက်လျှင် ပမာဏများများသောက်ခြင်းထက် မိမိခန္ဓာကိုယ်အတွက် သင့်တင့်မျှတသည့် ပမာဏကို အချိန်နာရီခြား၍ မကြာခဏသောက်သုံးပေးခြင်းမျိုးက ပို၍ သင့်လျော်သည်။

နွေရာသီကဲ့သို့ ပူပြင်းခြောက်သွေ့သည့် အချိန်ကာလမျိုးတွင် ခန္ဓာကိုယ်တွင်း၌ ရေဓာတ်ဆုံးရှုံးမှုများပြားလာတတ်သည့် အားလျော်စွာ သွေးထဲ၌လည်း ရေပါဝင်မှုနှုန်းကျဆင်းသွားလေ့ရှိသည်။ ရေဓာတ်နည်းလာသော သွေးသည် ပို၍ပျစ်လာသည့်အတွက် ပျစ်သည့်သွေးကို တွန်းပို့နေရသော နှလုံးသည် ပုံမှန်ထက် အဆတိုး၍ အလုပ်လုပ်ပေးရသည်။ ထိုအခါ လွယ်လင့်တကူပင် ပင်ပန်းနွမ်းနယ်မှုကို ခံစားကြရသည်။

အကယ်၍ ခန္ဓာကိုယ်အတွင်းမှ ရေတစ်လီတာခန့် ဆုံးရှုံးသွားသည်ကို ပြန်လည်မဖြည့်တင်းနိုင်ပါက နိုးကြားတက်ကြွမှု မရှိတော့ခြင်း၊ အာရုံစူးစိုက်နိုင်မှု ကျဆင်းလာခြင်း၊ အမြင်အာရုံလျော့နည်းလာခြင်းနှင့် ပင်ပန်းနွယ်နယ်ခြင်းများကို ခံစားကြရလိမ့်မည်ဖြစ်သည်။ ရေလေးလီတာခန့် ဆုံးရှုံးသွားပြီဆိုလျှင် မူးမော်ခြင်းနှင့် ခေါင်းကိုက်ခြင်းများကို ခံစားကြရမည်ဖြစ်ပြီး၊ ခန္ဓာကိုယ်တွင်းမှ ရေဆုံးရှုံးမှု ပမာဏသည် ၁၂ လီတာထိရောက်ရှိသွားခဲ့လျှင်မူ အသက်ဆုံးရှုံးသွားနိုင်သည်။

> **ရေကို ရေသောက်သလို သောက်သုံးခြင်းမပြုဘဲ နေ့လယ်စာ စားသုံးသကဲ့သို့ ပမာဏများများဖြင့် အလွန်အကျွံ သောက်သုံးခြင်းသည် အသက်အန္တရာယ်ရှိသော လုပ်ရပ်ဖြစ်သည့်အတွက် ထိုသို့သော လုပ်ရပ်မျိုးကို ရှောင်ရှားကြရမည်**

တစ်စုံတစ်ခုသော အကြောင်းကြောင့် ထိခိုက်ဒဏ်ရာရသည့်အခါမျိုး၌လည်း သွေးအလွန်ကျွံထွက်နေပါက ထွက်သွားသော သွေးများနှင့်အတူ ရေဓာတ်အများအပြားဆုံးရှုံးသွားလိမ့်မည်ဖြစ်သည်။ ရေဓာတ်ဆုံးရှုံးမှု များပြားလွန်းပါက အသက်အန္တရာယ်ရှိနိုင်သည်ဖြစ်ရာ ထိခိုက်ဒဏ်ရာရသည့်အခါမျိုး၌ သွေးထွက်မလွန်စေရန် ဂရုပြုကြရမည်ဖြစ်သည်။

ပူပြင်းသော ရာသီကာလများ၌လည်း ပြင်းထန်သော လေ့ကျင့်ခန်းများကို မလုပ်သင့်သလို၊ ချွေးထွက်လွန်းကဲမှု မဖြစ်အောင်လည်း ဂရုပြုဆင်ခြင်ကြရမည်ဖြစ်သည်။ တတ်နိုင်သမျှ အရိပ်ထဲ၌ နေထိုင်သင့်ပြီး မကြာခဏဆိုသလို ရေသောက်ခြင်း၊ အချိုရည်သံပရာရည်နှင့် ဖျော်ရည်များကို သောက်သုံးခြင်း၊ ဓာတ်ဆားရည်သောက်သုံးခြင်းများကို ပြုလုပ်သင့်သည်။ ဂလူးကို့စ်နှင့် ဓာတ်ဆားများ အရန်သင့်ပါဝင်နေသော အုန်းရည်ကို သောက်ခြင်းသည်လည်း ပူပြင်းသော ရာသီကာလမျိုးအတွက် အလွန်သင့်လျော်သည့် အလေ့အထတစ်ရပ်ပင်ဖြစ်သည်။

လူ့ခန္ဓာကိုယ်သည် ရေဓာတ်ကို အမြဲမပြတ်ဖြည့်တင်းပေးရန် လိုအပ်နေသည့်အတွက် ရှေးလူကြီးများက "ရေအသက်တစ်မနက်" ဟုပင် ဆိုရိုးစကားပြုခဲ့ကြခြင်းဖြစ်သည်။ ထိုကဲ့သို့ လူ့ခန္ဓာကိုယ်အတွက် ရေဓာတ်ကို စဉ်ဆက်မပြတ် ဖြည့်တင်းပေးရမည်မှန်သော်လည်း ရေကိုအလွန်အကျွံ သောက်သုံးခြင်းမျိုးကမူ ခန္ဓာကိုယ်၏ ဇီဝဓာတုဖြစ်စဉ်များကို ကမောက်ကမ ဖြစ်သွားစေနိုင်သည်။

ခန္ဓာကိုယ်အတွင်း၌ ရှိသင့်သော ပမာဏထက် ရေအလွန်အကျွံ ပိုလျှံလာသည့်အခါ ကိုယ်တွင်းရှိ ဓာတ်ဆားများ၏ အချိုးအဆများစွာ လျော့နည်းသွားပြီး ထိုသို့လျော့နည်းသွားခြင်းက ဇီဝဓာတုဖြစ်စဉ်များကို ကစဉ့်ကလျားဖြစ်သွားစေသည်။ ပိုနေသော ရေများကို ကျောက်ကပ်ကလည်း စွန့်ထုတ်မပေးနိုင်တော့ပေ။ သွေးထဲ၌ ရေပမာဏလွန်ကဲလာသည့်အခါ သွေးကျဲလာပြီး ရုတ်တရက်သွေးပေါင်ထိုးကျသွားခြင်းကို ဖြစ်စေနိုင်သလို အသက်အန္တရာယ်လည်း ရှိလာနိုင်သည်။

ပိုလျှံလာသော ရေများကြောင့် ကိုယ်တွင်းဆဲလ်များက ပွလာနိုင်သော်လည်း ဦးနှောက်ဆဲလ်များကမူ အလိုက်သင့်ပွမလာနိုင်သည့်အတွက် ခေါင်းအလွန်ကိုက်ခြင်း၊ သတိလစ်ခြင်း၊ မေ့မြောသွားခြင်းများမှသည် အသက်ဆုံးရှုံးမှုအထိပင် ဖြစ်ပွားနိုင်သည်။ ကမ္ဘာပေါ်ရှိ အရပ်ဒေသအသီးသီးတွင် ရေကိုအတိုင်းအဆမဲ့စွာဖြင့် အလွန်အကျွံ သောက်သုံးမှုကြောင့် အပြင်းအထန် ခေါင်းကိုက်သည့် ဝေဒနာကို ခံစားရသူများ၊ သတိလစ်မေ့မြောသွားသူများ အများအပြားရှိခဲ့သည်။ ယင်းတို့အနက် အချို့မှာ ဆေးရုံနှင့် ဆေးကုသမှုဌာနများသို့ အချိန်မီရောက်ရှိပြီး ကုသမှုများ ခံယူခဲ့ကြရာမှ ပြန်လည်ကျန်းမာလာသူများရှိသလို အသက်ဆုံးရှုံးသွားရသူများလည်း အများအပြားရှိခဲ့သည်။

အချို့သော နိုင်ငံများ၌မူ လူငယ်များအချင်းချင်း ရေသောက်ပြိုင်ကြရာမှ မိမိအနိုင်ရရှိရေးအတွက် ရေကိုအလွန်အကျွံသောက်မိသဖြင့် ခေါင်းအလွန်ကိုက်ကာ ထိုမှတစ်ဆင့် သတိလစ်မေ့မြောသွားပြီး အသက်ဆုံးရှုံးသွားခဲ့ရသော သာဓကမျိုးလည်း အများအပြားရှိခဲ့သည်။

ထိုသို့ဖြစ်ရခြင်းမှာ ခန္ဓာကိုယ်ထဲ၌ ရှိသင့်သော ရေပမာဏထက် အလွန်အကျွံ ပိုလျှံလာသည့်အခါ ခန္ဓာကိုယ်အတွင်းရှိ ဆိုဒီယမ်ကဲ့သို့သော ဓာတ်ဆားများ၏ပါဝင်မှု အချိုးအစားသည် ပုံမှန်ရှိသင့်သော အတိုင်းအတာပမာဏအောက်သို့ များစွာလျော့နည်းကျဆင်းသွားပြီး ခန္ဓာကိုယ်အတွင်း၌ ပုံမှန်လှုပ်ရှားလည်ပတ်နေသော ဇီဝဓာတုဖြစ်စဉ်များကို ပျက်ယွင်းသွားစေသောကြောင့် ဖြစ်သည်။

ခန္ဓာကိုယ်တွင်းအင်္ဂါများ ပုံမှန်လှုပ်ရှားလည်ပတ်နေချိန်၌ သွေးထဲရှိရေနှင့် ဓာတ်ဆားများထဲမှ မလိုအပ်သည်များကို ဖယ်ရှားစစ်ထုတ်၍ ခန္ဓာကိုယ်ပြင်ပသို့ ကျင်ငယ်ရေအဖြစ်စွန့်ထုတ်ပေးသည်။ ပိုလျှံနေသောရေများကြောင့် ဓာတ်ဆားအချိုးအဆများ ပြောင်းလဲသွားသည့်အခါ ကျောက်ကပ်၏ ပုံမှန်လုပ်ဆောင်ချက်များ ကစဉ့်ကလျားဖြစ်သွားခြင်းနှင့်အတူ အန္တရာယ်ရှိရေပိုများကိုလည်း ကျင်ငယ်အဖြစ် စွန့်ထုတ်နိုင်အောင် ကျောက်ကပ်က လုပ်ဆောင်ပေးနိုင်ခြင်း မရှိတော့ပေ။

တစ်ဖက်တွင်လည်း ပိုလျှံလွန်ကဲလာသော ရေများနှင့် လိုက်လျောညီထွေဖြစ်အောင် ဦးနှောက်ဆဲလ်များက ဖောင်းပွမလာနိုင်တော့သည့်အတွက် သတိလစ်မေ့မြောကာ အသက်ဆုံးရှုံးသွားရခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ရေကိုရေသောက်သလို သောက်သုံးခြင်းမပြုဘဲ နေ့လယ်စာစားသုံးသကဲ့သို့ ပမာဏများများဖြင့် အလွန်အကျွံသောက်သုံးခြင်းသည် အသက်အန္တရာယ်ရှိသောလုပ်ရပ်ဖြစ်သည့်အတွက် ထိုသို့သော လုပ်ရပ်မျိုးကို ရှောင်ရှားကြရမည်ဖြစ်သည်။

လူတို့၏ခန္ဓာကိုယ်နှင့်ရေသည် ခွဲခြား၍မရဘဲ အချိုးအစား ညီညွတ်မျှတစွာဖြင့် ဒွန်တွဲလျက် ရှင်သန်ရပ်တည်နေကြရသည်ဖြစ်ရာ ခန္ဓာကိုယ်အတွက် လိုအပ်သည့်ရေကို ပမာဏနည်းနည်းဖြင့် ပုံမှန်ဖြည့်ဆည်းသောက်သုံးခြင်း၊ ရေဓာတ်ပါဝင်သည့် အစားအစာများကို သင့်တင့်မျှတစွာ စားသုံးဖြည့်ဆည်းပေးခြင်း၊ ထိခိုက်ဒဏ်ရာရသည့်အခါ သွေးထွက်မလွန်စေရန် ဂရုပြုခြင်း၊ ပူပြင်းသော ရာသီကာလများတွင် ရေဓာတ်ဆုံးရှုံးမှုကို ဖြစ်စေသော ချွေးထွက်လွန်ခြင်းမျိုးမဖြစ်အောင် ဂရုစိုက်ဆင်ခြင်ခြင်း၊ ရေကို အတိုင်းအဆမဲ့စွာဖြင့် အလွန်အကျွံသောက်သုံးခြင်းမျိုးမှ ရှောင်ရှားခြင်းစသည်တို့ကို လိုက်နာလုပ်ဆောင်ကြခြင်းအားဖြင့် ကျန်းမာပျော်ရွှင်သော ဘဝကို ပိုင်ဆိုင်ခွင့်ရရှိကြလိမ့်မည်ဖြစ်ပေသည်။ ။

နမ့်ခမ်း၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

နမ့်ခမ်း စက်တင်ဘာ ၂၄

ယာဉ်တိုက်မှုအန္တရာယ် ကင်းရှင်းစေရန် ရည်ရွယ်လျက် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက နမ့်ခမ်းမြို့ရှိ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် နမ့်ခမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်အေးက အမှာစကားပြောကြားပြီး ယာဉ်ထိန်းတပ်ဖွဲ့မှ တပ်ကြပ်ကြည်စန်း၊ မြို့နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းခင်မောင်ဝင်းတို့က အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများကို လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ဉာဏ်မင်း(နမ့်ခမ်း)

မီးအားမြင့်စက်အပူလွန်ကဲရာမှ မီးလောင်

ပျဉ်းမနား စက်တင်ဘာ ၂၄

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက် စဉ့်အိုးဘိုရပ် မြူလမ်းသွယ်ရှိ နေအိမ်တစ်အိမ်တွင် မီးအားမြင့်စက် အပူလွန်ကဲရာမှ ယနေ့ နံနက် ၂ နာရီ ၅၇ မိနစ်က မီးစတင်လောင်ကျွမ်းခဲ့သည်။

အဝင်းဖြစ်ရာသို့ နေပြည်တော်ကောင်စီဝင်ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ နေပြည်တော်ဗဟိုမီးသတ်ရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသန်းမြင့်၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ် ၂၀၊ မီးသတ်ရေယာဉ်ခြောက်စီး၊ အုပ်ချုပ်ရေးယာဉ်တစ်စီးနှင့် ရပ်ကွက်နေပြည်သူများစုပေါင်းရောက်ရှိပြီး မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၁၅ မိနစ်တွင် မီးညွှန့်ထိန်းနိုင်ခဲ့ပြီး နံနက် ၃ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ကိုမျိုး(ရွှေပေါက္ကံ)

ရှေ့ပေါ်ထေပါ်ရေးရာကဏ္ဍာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအစီရင်ခံစာ လွှတ်တော်အဆုံးအဖြတ်ရယူမည်

နေပြည်တော် စက်တင်ဘာ ၂၄

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အပေါ် ဖြေရှင်းဆောင်ရွက်ပေးမှု အခြေအနေ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းကြသည်။

ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က အစီရင်ခံစာ အပိုင်း(၁)၊ (၂)၊ (၃)ပါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ကိစ္စရပ် ၁၅ ခုရှိပါကြောင်း၊ ၎င်းတို့အား ဖြေရှင်းဆောင်ရွက်ရာတွင် သိမ်းဆည်းမြေများ အကြောင်းအရင်းခိုင်မာ၍ မစွန့်လွှတ်သည့် ကိစ္စရပ်ကိုးခု၊ သိမ်းဆည်းမြေများအနက် တစ်စိတ်တစ်ဒေသ စွန့်လွှတ်သည့်ကိစ္စရပ်လေးခု၊ သိမ်းဆည်းမြေများ အားလုံးစွန့်လွှတ်သည့် ကိစ္စရပ်နှစ်ခု ဖြစ်ပါကြောင်း၊ သိမ်းဆည်းမြေများ ပြန်လည်စွန့်လွှတ်သည့် ကိစ္စရပ်ခြောက်ခုအား သက်ဆိုင်သူများသို့ ပြန်လည်ပေးအပ်ပြီးဖြစ်ပါကြောင်း။

အစီရင်ခံစာ အပိုင်း(၄)ပါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သက်ဆိုင်သည့် ကိစ္စရပ်ငါးခုအနက် မသက်ဆိုင်သည့် ကိစ္စရပ်လေးခုပါဝင်သဖြင့် အမှန်ဖြေရှင်းရန်တစ်ခုရှိပါကြောင်း၊ ယင်းကိစ္စရပ်အား ဌာနမှဆက်လက်အသုံးပြုရန် လိုအပ်သဖြင့် စွန့်လွှတ်ခြင်းမပြုကြောင်း မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း။

အစီရင်ခံစာအပိုင်း(၅)ပါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သက်ဆိုင်သည့် ကိစ္စရပ် ၁စဝ အနက် ၅၃ ခုသည် သက်ဆိုင်ခြင်းမရှိပါကြောင်း၊ အမှန်တကယ် ဖြေရှင်းရမည့်ကိစ္စရပ် ၁၂၇ ခုသာ ရှိပါကြောင်း၊ ယင်း ၁၂၇ ခုအနက် သိမ်းဆည်းမြေများ အကြောင်းအရင်းခိုင်မာ၍ မစွန့်လွှတ်သည့်ကိစ္စရပ် ၁၀၄ ခု၊ ညှိနှိုင်းပြေလည်၍ မစွန့်လွှတ်သည့်ကိစ္စရပ်ကိုးခု၊ သိမ်းဆည်းမြေများအနက် တစ်စိတ်တစ်ဒေသ စွန့်လွှတ်သည့်ကိစ္စရပ်နှစ်ခု၊ သိမ်းဆည်းမြေများ အားလုံးစွန့်လွှတ်သည့် ကိစ္စရပ်ငါးခု၊ တိုင်စာတူအကြောင်းအရာတူ ကိစ္စရပ်ခြောက်ခု၊ ဥပဒေကြောင်းအရ ဖြေရှင်းရမည့် ကိစ္စရပ်တစ်ခု ရှိပါကြောင်းဖြင့် ရှင်းလင်းသည်။

ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ပိုင်မြေအဖြစ် သိမ်းဆည်းမြေ ၅၅၆၉ ဧကအတွက် ယခင်သတ်မှတ်ဒေသပေါက်စျေးဖြင့် ပေးလျော်ပြီးဖြစ်သော်လည်း လက်ရှိဒေသပေါက်စျေးဖြင့်ရရှိရန် ထပ်မံတောင်းခံခြင်းဖြစ်ပါကြောင်း၊ ပခုက္ကူလေဆိပ်ထပ်မံ တည်ဆောက်ရန်သိမ်းယူခဲ့သည့် မြေ စုစုပေါင်း ၉၆၅ ဒသမ ၃၆ ဧကအား လျော်ကြေးပေးချေရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မူလခွင့်ပြုရန်ပုံငွေတွင် ကျပ်သန်း ၁၅၀ ပါဝင်ပြီး ထပ်မံလိုအပ်ငွေ ၁၂၅၃ ဒသမ ၈၉၅သန်းအား ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံပေးလျော်သွားမည်ဖြစ်ပါကြောင်း။

ကျောက်ထု လေဆိပ်အတွက် သိမ်းယူထားသည့် စုစုပေါင်း ၃၅၂ ဒသမ ၁၁ ဧက အား လျော်ကြေးပေးရန်အတွက် မူလခွင့်ပြုရန်ပုံငွေတွင် ကျပ်သန်း ၁၅၀ ပါဝင်ပြီး ဖြည့်စွက်ရန်ပုံငွေတွင် ကျပ်သန်း ၇၀၂ ဒသမ ၄၉ ထပ်မံတောင်းခံပေးလျော်သွားမည်ဖြစ်ပါကြောင်း၊ တာ၁ချီလိတ်လေဆိပ်ပိုင်မြေအဖြစ် သိမ်းဆည်းထားသည့် စုစုပေါင်း ၁၁၄ ဒသမ ၆၁ ဧကအား လျော်ကြေးပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဟံသာဝတီလေဆိပ် စီမံကိန်းအတွက် သိမ်းယူခဲ့သော ၉၆၉၀ ဒသမ ၄ ဧကတွင် ပါဝင်သည့် ကျေးရွာခြောက်ရွာအတွက် စုစုပေါင်း ၅၄ ဒသမ ၈၆သန်းအား သတ်မှတ်နှုန်းထားအတိုင်းပေးလျော်ခဲ့ပါကြောင်း၊ ပုဂံ-ညောင်ဦး လေဆိပ်အတွက် သိမ်းယူခဲ့သော ၅၉ ဒသမ ၅၉ ဧကအား မြေလျော်ကြေး ပေးချေနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းသည်။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ စက်တင်ဘာ ၂၅ ရက်တွင် ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ဆက်လက်ရှင်းလင်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

မြန်မာနိုင်ငံအနေဖြင့် Open Government Partnership(OGP) သို့ ဝင်ရောက်ရန်အစီအစဉ်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်က **"စစ်ဆင်ရေးအထောက်အကူ ပြုဝန်ထမ်းအဖြစ် တပ်မတော်သားများနှင့်အတူ လိုက်ပါဆောင်ရွက်စဉ်အသက်၊ ခန္ဓာ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသော ပြည်သူများ မနစ်နာစေရေးအတွက် ထိုကဲသင့်သော အသိအမှတ်ပြမှု ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုလွှာကို စိစစ်ထုတ်ပေးရေးနှင့် ၄၄းတို့၏ဘဝ အဆင်ပြေစေရေးအတွက် ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးရန် မူဝါဒ(သို့မဟုတ်) ဥပဒေပြဋ္ဌာန်းပေးရေး"** အဆိုနှင့် **"ပြည်သူများ သေကျေခြင်း၊ ကိုယ်ခန္ဓာစွန့်လွှတ်ရခြင်းနှင့် ပစ္စည်းဥစ္စာဆုံးရှုံးမှုနှင့် ဆင်းရဲဒုက္ခရောက်နေရခြင်းတို့မှာ ပြည်တွင်းပဋိပက္ခ လက်နက်ကိုင် တိုက်ခိုက်မှုများ ကြောင့်ဖြစ်ပေါ်ရခြင်း ဖြစ်သဖြင့် ပြည်သူများ၏ ဆန္ဒနှင့်အညီ ယနေ့ငြိမ်းချမ်းရေးရရှိအောင် ကြိုးစား ဆောင်ရွက်နေချိန်တွင် ပစ်ခတ် တိုက်ခိုက်မှုများကို သက်ဆိုင်သူများက ဦးစွာအမြန်ဆုံးရပ်ဆိုင်းပေးရေး"** အဆိုတို့ကို အရေးကြီးအဆိုနှစ်ရပ်အဖြစ် တင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း သိရှိရသည်။

ဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်း ဖြေကြားစဉ်။ (သတင်းစဉ်)

ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ မေးမြန်းမှုများကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်းက ဖြေကြားသည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **"ဒီမိုကရေစီ ဖော်ဆောင်နေသောနိုင်ငံများမှ အစိုးရများ စုပေါင်း၍ Open Government Partnership ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ထိုအဖွဲ့သို့ ဝင်ရောက်ရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် Open Government Partnership (OGP) သို့ ဝင်ရောက်ရန် အစီအစဉ်ရှိပါကြောင်း၊ လာမည့် ၂၀၁၆ ခုနှစ်တွင် OGP အဖွဲ့ဝင် ဖြစ်ရေးအတွက် OGP နှင့်ပတ်သက်၍ လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် OGP အဖွဲ့ဝင်နိုင်ငံ ဖြစ်လာနိုင်ရေးအတွက် Workshop on Openess for Sustainability and Progress ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ သတ်မှတ်ထားသည့် ဘဏ္ဍာရေးတွင် ထင်သာမြင်သာရှိမှု၊ အစိုးရနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ပြည်သူများ အလွယ်တကူရရှိနိုင်မှု၊ အရွေးချယ်ခံ ပြည်သူ့အရာရှိများ၏ ပိုင်ဆိုင်မှု အခြေအနေများကို ထုတ်ပြန်ကြေညာနိုင်မှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်ခွင့်စသည့် စံနှုန်းများပြည့်မီစွာ ဆောင်ရွက်နိုင်ရေးတို့ကိုရည်ရွယ်ပြီး မြန်မာနိုင်ငံမှ ၂၀၁၆ ခုနှစ်တွင် OGP အဖွဲ့ဝင်နိုင်ငံ ဖြစ်လာနိုင်ရေးအတွက် တွေ့ကြုံရမည့် စိန်ခေါ်မှုများ၊ လိုအပ်ချက်များနှင့် အကျိုးရလဒ်များကို ဆွေးနွေးခဲ့ကြပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း၏ **"နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရန် ကဏ္ဍအလိုက် အထောက်အကူပြုသော သုတေသနလုပ်ငန်းများကို မည်သို့စီမံနေသည်ကို အများပြည်သူ မှီငြမ်းအသုံးပြုနိုင်ရန် လျှို့ဝှက်မဟုတ်သော စာရွက်စာတမ်းများနှင့် တွေ့ရှိချက်များကို အင်တာနက်တွင် ထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများသည် လူစွမ်းအားအရင်းအမြစ်ကို ဖွံ့ဖြိုးစေပြီး လုပ်ငန်းများ အောင်မြင်စေရန် စနစ်တကျ ဆောင်ရွက်နိုင်ရေး၊ ဖြစ်ပေါ်နေသည့် ပြဿနာများကို ဖြေရှင်းနိုင်ရေး၊ ထုတ်လုပ်နိုင်စွမ်းအား တိုးတက်ရေး၊ ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးသကဲ့သို့ ဆန်းသစ်တီထွင်မှုနှင့် နိုင်ငံဖွံ့ဖြိုး

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း လွှတ်တော်အဆုံးအဖြတ်ရယူအတည်ပြု

နေပြည်တော် စက်တင်ဘာ ၂၄

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း(၄)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းနှင့် အဆို(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **"ကျေးလက်ဒေသ မွေးမြူရေးလုပ်ငန်းများတွင် ဇီဝလုံခြုံရေးကျင့်စဉ်ဆောင်ရွက်ရန် နည်းလမ်းများကို မည်သို့စီမံဆောင်ရွက်ပေးနေသည်ကို သိရှိလို ကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးက ဇီဝလုံခြုံရေးကျင့်စဉ်နှင့်ပတ်သက်၍ တိရစ္ဆာန်ကူးစက်ရောဂါ ကိုးမျိုးအပါအဝင် အခြားကူးစက်ရောဂါများအား ကြိုတင်ကာကွယ်ရန်နှင့် ထိန်းချုပ်ရန် လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ကုန်သွယ်ရေး ဝင်ပေါက်များတွင် စစ်ဆေးလျက်ရှိပါကြောင်း။

ကူးစက်မြန်ပြင်းထန်ကြက်ဋက်တုပ်ကွေးရောဂါ၊ ဝက်နားရွက်ပြာရောဂါ၊ ခွာနာလျှာနာရောဂါနှင့် ခွေးရူးရောဂါများသည် ကူးစက်ရောဂါများဖြစ်ပြီး တိုက်ရိုက်ကုသရန် ဆေးမရှိသည့်အတွက် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို ဇီဝလုံခြုံမှုဖြစ်စဉ်များနှင့်တွဲဖက်၍ ဆောင်ရွက်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် မွေးမြူရေးဇုန်များ ဖော်ထုတ်ပေးခြင်း၊ ရောဂါစူးစမ်းလေ့လာရေး သင်တန်းများ သင်ကြားပေးခြင်းနှင့် ဓာတ်ခွဲခန်းအရည်အသွေး မြင့်မားစေရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် မျိုးရိုးဗီဇပြောင်းလဲမှုများကို သိရှိနိုင်ရန် နိုင်ငံတကာဓာတ်ခွဲခန်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ပညာရှင်များနှင့် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများနှင့် ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။ ဇီဝလုံခြုံမှုကျင့်စဉ် အစုအဖွဲ့များကို တိုးချဲ့ဖွဲ့စည်း၍ ရောဂါဖြစ်ပွားမှု စုံစမ်းခြင်းနှင့် သတင်းပို့ခြင်းလုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမျိုးမြင့်၏ **"ရန်ကုန်-ပဲခူး မော်တော်ကားလမ်း မိုင်တိုင် ၁/၃ ရှိ လမ်းနှင့် တံတားဖြတ်သန်းခ အခွန်ကောက်ခံစခန်း (Toll Gate) အား နေရာရွှေ့ပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေး၊ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က သက်ဆိုင်ရာကုမ္ပဏီက လက်ရှိတိုးလိုဂိတ်နေရာ မိုင်တိုင်(၁/၀)မှ (၁/၁)ကြားတွင် တည်ရှိသော ထောက်ကြန့် တိုးလိုဂိတ်အား ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး စတင်ခွဲထွက်သော လမ်းဆုံနောက်ပိုင်း ထောက်ကြန့်-ပဲခူး-မန္တလေးလမ်းဟောင်း မိုင်တိုင် (၄/၀) မှ (၄/၂)ကြား နေရာသို့ တိုးလိုဂိတ်အသစ် ပြောင်းရွှေ့ဖွင့်လှစ်ကောက်ခံလိုကြောင်း တင်ပြထားပါကြောင်း။

ဂိတ်ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် ဂိတ်သစ်တည်နေရာကို ကွင်းဆင်းစိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အချက်အလက်များ ပြည့်စုံပါက အဆိုပါ တိုးလိုဂိတ်ကို ရန်ကုန်-ပဲခူးကားလမ်း မိုင်တိုင် (၄/၀) မှ (၄/၂) ကြားနေရာသို့ ပြောင်းရွှေ့နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာသော **နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ**

စာမျက်နှာ ၁၀ ကော်လံ ၄ သို့

ပြည်တွင်းသတင်း

အနာဂတ်ကာလတွင် မြန်မာ-ဂျပန် တပ်မတော်နှစ်ရပ်ဆက်ဆံရေးတိုးတက်ခိုင်မြဲရန် ကြိုးပမ်းဆောင်ရွက်သွားမည်

နေပြည်တော် စက်တင်ဘာ ၂၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲ ဒေသစံတော်ချိန် ၁ နာရီခွဲတွင် ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာန Ireihi ကျဆုံးစစ်သည်ဗိမာန်သို့ရောက်ရှိရာ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ တာဝန်ရှိသူများက ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် Ireihi ကျဆုံးစစ်သည်ဗိမာန်၌ လွမ်းသူပန်းခွေချအလေးပြုခဲ့သည်။

ဂုဏ်ပြုတပ်ဖွဲ့ အလေးပြု — **တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့စစ်ဦးစီးချုပ် General Shigeru IWASAKI တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူစဉ်။** (မြဝတီ)

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့မှ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားပြုလုပ်ကျင်းပမည့်နေရာသို့ ရောက်ရှိရာ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့စစ်ဦးစီးချုပ်ဖြစ်သူ General Shigeru IWASAKI က ခရီးဦးကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အလေးပြုခံစင်မြင့်သို့သွားရောက်နေရာယူကာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ ဆောင်၌ ဂျပန်ကာကွယ်ရေးဝန်ကြီးနှင့် လုံခြုံရေးဆိုင်ရာ ဥပဒေပြုစုရေးဌာနတာဝန်ခံဝန်ကြီး Mr. Akinori ETO နှင့် တွေ့ဆုံဆွေးနွေးသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ပြောကြားရာတွင် မြန်မာ-ဂျပန်သံတမန်ဆက်ဆံရေးနှစ် (၆၀) ပြည့်သည့်နှစ်တွင် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ် လာရောက်နိုင်သဖြင့် အထူးဝမ်းမြောက်မိကြောင်း၊ မြန်မာနိုင်ငံသည် ဇြမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ ကမ္ဘာ့နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံလျက်ရှိကြောင်း၊ လက်ရှိ အာဆီယံဥက္ကဋ္ဌ တာဝန်ယူသည့်ကာလတွင်လည်း အာဆီယံနိုင်ငံများနှင့် အခြားကမ္ဘာ့နိုင်ငံများ ဆက်ဆံရေးတိုးတက်စေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ရှည်လျားသော ဆက်ဆံရေးသမိုင်းရှိကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်သည် ဂျပန်နိုင်ငံ၌ စစ်ပညာသင်ကြားခဲ့၍ ခေတ်သစ်မြန်မာ့တပ်မတော်ကို စတင်တည်ထောင်ခဲ့ကြောင်း၊ ယခုခရီးစဉ်သည် တပ်မတော်နှစ်ရပ်ကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို တိုးတက်ခိုင်မြဲစေမည့် သမိုင်းမျက်နှာစာသစ်ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်စေရန် ယုံကြည်မှုသည် အထူးအရေးကြီးကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မလျှောသောဇဲ၊ လုံ့လဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍပေါင်းစုံတွင် တိုးတက်ရန် အလားအလာကောင်းများစွာ ရှိသည်ဟု ထင်မြင်ယူဆကြောင်း၊ ဂျပန်နိုင်ငံ အနေဖြင့် မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူသည့်ကာလတွင် တတ်နိုင်သမျှ အားပေးကူညီမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် တပ်မတော်နှစ်ရပ်ဆက်ဆံရေး တိုးတက်ခိုင်မြဲစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဂျပန်ကာကွယ်ရေးဝန်ကြီးတို့သည် အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရ လက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန Chief of Staff, Joint Staff ရုံး၌ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်ဖြစ်သူ General Shigeru IWASAKI နှင့် တွေ့ဆုံဆွေးနွေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့မှ Defense Plans and Policy Department ၏ Director ဖြစ်သူ Rear Admiral Hiroshi YAMAMURA က အာရှ-ပစိဖိတ်ဒေသတွင်း လုံခြုံရေးအခြေအနေ၊ ဂျပန်နိုင်ငံ၏ ကာကွယ်ရေးမူဝါဒနှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် လေ့ကျင့်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်တို့သည် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆက်လက်လုပ်ဆောင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

မိုးလေဝသအခြေအနေ

၂၅-၉-၂၀၁၄

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

✻ ရှေ့ဖုံးမှ

၆၇၇ လုံး၊ အခန်းပေါင်း ၂၂၃၇၃ ခန်းရှိခဲ့ရာမှ ယခုအခါ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၀၅၅ လုံးနှင့် အခန်းပေါင်း ၄၀၈၂၆ ခန်းအထိ တိုးတက်များပြားလာသည်။

ဟိုတယ်နှင့် တည်းခိုရိပ်သာ အများဆုံးရှိသော နေရာများမှာ ရန်ကုန်၊ မန္တလေး၊ ရှမ်းပြည်နယ်၊ ပုဂံ၊ ချောင်းသာဇုန်၊ နေပြည်တော်၊ ရခိုင်ပြည်နယ်၊ ပဲခူးနှင့် မော်လမြိုင်အပြင် ငွေဆောင်တို့ ဖြစ်သည်။

ယင်းနေရာဒေသများသည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်အများဆုံး သွားရောက်လည်ပတ်သည့်နေရာများဖြစ်သည်။

(မြန်မာ့အလင်း)

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းစိမ်းမြမြ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများ၊ ပညာတော်သင်များအား တွေ့ဆုံ

လက်ဆောင်ပစ္စည်းပေးအပ်

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဂျပန်နိုင်ငံမှ သံရုံးမိသားစုအတွက် လက်ဆောင်ပစ္စည်းပေးအပ်စဉ်။

(မြဝတီ)

နေပြည်တော် စက်တင်ဘာ ၂၄

ဂျပန်နိုင်ငံတွင် ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ဒေသစံတော်ချိန် ၁၀ နာရီတွင် ဂျပန်နိုင်ငံရှိ မြန်မာစစ်သံ (ကြည်း၊ရေ၊လေ)ရုံးသို့ရောက်ရှိရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးခင်မောင်တင်နှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ရေ၊လေ)ဗိုလ်မှူးကြီး ထင်ကျော်သူနှင့်ဇနီး၊ ပညာတော်သင်များ၊ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မိသားစုဝင်များအား စစ်သံရုံးဧည့်ခန်း၌ ရင်းရင်းနှီးနှီးတွေ့ဆုံစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ သံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မြန်မာစစ်သံ (ကြည်း၊ရေ၊လေ)ဗိုလ်မှူးကြီး ထင်ကျော်သူနှင့်ဇနီးတို့က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဇောတိကပိုက်လိုင်းနှင့်ရဲတံခွန်ပိုက်လိုင်း နှစ်ခုကြားရှိ မြေယာများအတွက် ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၄

ဇောတိက သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းကို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEPI ရေနံကုမ္ပဏီတို့က တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကံပေါက်ဒေသတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဇောတိကစီမံကိန်းတွင် ပါဝင်အသုံးပြုသော မြေမဟုတ်သော်လည်း မူလသွယ်တန်းခဲ့သည့် ဇောတိကပိုက်လိုင်းနှင့် ရဲတံခွန်ပိုက်လိုင်းနှစ်ခုကြားရှိ တောင်သူ ၃၉၀ ၏ မြေဧရိယာ ၂၁၆ ဒသမ ၀၇၆ ဧကအတွက် ထောက်ပံ့ကြေးပေးအပ်ခြင်းအခမ်းအနားကို သြဂုတ် ၁၄ ရက် မွန်းလွဲ ၁ နာရီက PTTEPI ကံပေါက်အခြေစိုက်စခန်း၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး၊ ရေဖြူမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများ၊ ကုမ္ပဏီမှတာဝန်ရှိသူများ၊ မြေယာထောက်ပံ့ကြေးပေးရေးအဖွဲ့နှင့် ဒေသခံကျေးရွာပြည်သူများ တက်ရောက်ခဲ့သည်။

စီစဉ်လျက်ရှိ

အဆိုပါ အခမ်းအနားတွင် တောင်သူ ၂၆၁ ဦး၏ မြေဧရိယာ ၁၇၃ ဒသမ ၂၂၄ ဧကအတွက် ထောက်ပံ့ကြေးငွေကျပ် ၈၆၆၁၂၀၀၀၀ ထောက်ပံ့ကြေးပေးအပ်ခဲ့ကြောင်းနှင့် ကျန်တောင်သူ ၁၂၉ ဦး၏ မြေ ဧရိယာ ၄၂ ဒသမ ၈၅၂ ဧကအတွက် ထောက်ပံ့ကြေးငွေများ ဆက်လက်ပေးအပ်သွားရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၄

(၁၁)ကြိမ်မြောက် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ လေတ

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်သည် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၁) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များညီလာခံ (11th AACC) သို့ တက်ရောက်မည့် ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ လေတပ်ဦးစီးချုပ်များ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ သင်္ဘောဟိုတယ် Bilateral Meeting Room ၌ နှစ်နိုင်ငံ

သီးခြားစီ တွေ့ဆုံဆွေးနွေးပွဲများသို့ တက်ရောက်သည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်သည် ကမ္ဘောဒီးယားနိုင်ငံ လေတပ်ဦးစီးချုပ် General Soeung Samnang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံလေတပ် ဦးစီးချုပ် Air Chief Marshal I.B. Putu D

ကိုယ်စားလှယ်

နိုင်ငံလေတပ်ဦ

Dato' Sri

Saad ဦးဆော

လှယ်အဖွဲ့၊

လေတပ်ဦးစီ

General Je

ဦးဆောင်သော

(ယာပုံ)၊ စ

ဦးစီးချုပ် Ma

တပ်မတော

ကိုယ်စားလှယ်

ပြည်တွင်းသတင်း

...ားဆောင်ရွက်သွားမည်

...ပင်းအောင်လှိုင်နှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး ...ုတ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူစဉ်။ (မြဝတီ)

...ပိုင်အား ဂျပန် ...ယ်ရေးတပ်ဖွဲ့မှ ...and Policy ...rector ဖြစ်သူ ...Hiroshi ...ာ အာရှ- ...ပုံခြုံရေးအခြေ ...ကာကွယ်ရေး ...ပ်ပိုင်ကာကွယ် ...နိုးတာဝန်များ ...ဆိုင်ရာများကို ...တပ်မတော် ...ကာကွယ်ရေးဦးစီးချုပ်က သိရှိလို သည်များကို မေးမြန်းဆွေးနွေးခဲ့ သည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဂျပန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ် ဦးစီးချုပ်တို့သည် တပ်မတော်နှစ် ရပ်အကြား ဆက်ဆံရေးနှင့် အပြန် အလှန် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ဆက်လက်လုပ်ဆောင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြ ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

နေပြည်တော် စက်တင်ဘာ ၂၄

...ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိနေသော ...ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ...တင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ် ...ယနေ့နံနက် ဒေသစံတော်ချိန် ၁၀ နာရီတွင် ဂျပန် ...(ကြည်း၊ရေလေ)ရုံးသို့ရောက်ရှိရာ ဂျပန်နိုင်ငံဆိုင်ရာ ...ဦးခင်မောင်တင်နှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ရေ ...ကျော်သူနှင့်ဇနီး၊ ပညာတော်သင်များ၊ မြန်မာသံရုံးနှင့် ...ားက ကြိုဆိုနှုတ်ဆက်ကြသည်။

...မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး ...မိသားစုဝင်များအား စစ်သံရုံးညီခန်း၌ ရင်းရင်း ...ကြားပြီး လက်ဆောင်ပစ္စည်းများနှင့် စားသောက် ...ာ သံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက

...တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ...ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မြန်မာစစ်သံ ...မှူးကြီး ထင်ကျော်သူနှင့်ဇနီးတို့က နေ့လယ်စာဖြင့် ...ာင်း သတင်းရရှိသည်။

(မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးအား ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်နှင့်ဇနီးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် စက်တင်ဘာ ၂၄

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ဒေသစံတော်ချိန် ၈ နာရီ မိနစ် ၂၀ တွင် တိုကျိုမြို့ Shibuya မြို့နယ်ရှိ Meiji Jingu ဗိမာန်သို့ ရောက်ရှိရာ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ် General Shigeru IWASAKI နှင့်ဇနီး၊ ဗိမာန်ရှိ တာဝန်ခံ ဂျပန်ရှင်တိုဘုန်းတော်ကြီးနှင့် အခြား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဗိမာန် အတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ခံ ဂျပန်ရှင်တိုဘုန်းတော်ကြီး Mr. Ito က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် Meiji Jingu ဗိမာန်ရှိ ဆုတောင်းစာများ ချိတ်ဆွဲသော နေရာ၌ " ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေ၊ ဂျပန်-မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲပါစေ" ဟူသော စာသားကို ရေးသားချိတ်ဆွဲခဲ့သည်။

ကြီးကျယ်ခမ်းနားသော ဗိမာန်

Meiji Jingu ဗိမာန်သည် ၁၉၂၀ ပြည့်နှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး Meiji ဧကရာဇ်နှင့် Shoken မိဖုရားတို့၏ ဝိညာဉ်များကို ပူဇော်ထားရှိသည့် ရှင်တိုဘာသာဗိမာန်တစ်ခုဖြစ်သည်။ Meiji ဧကရာဇ်သည် ဂျပန်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ပေးခဲ့သည့် ဘုရင်မင်းမြတ်တစ်ပါးဖြစ်၍ ၄င်းအား ဂုဏ်ပြုသောအားဖြင့် ကြီးကျယ်ခမ်းနားသော ဗိမာန်တည်ဆောက်၍ ပူဇော်ထားရှိသည့် ဗိမာန်တစ်ခုဖြစ်ကြောင်း သိရှိရသည်။

(မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်ဖြစ်သူ General Shigeru IWASAKI နှင့်ဇနီးတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပွဲတွင် ကျေးဇူးတင်စကားပြောကြားစဉ်။ (မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ Meiji Jingu ဗိမာန်သို့ ကြည့်ရှုလေ့လာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ Meiji Jingu ဗိမာန်၌ စုပေါင်းဓာတ်ပုံရိုက်စဉ်။ (မြဝတီ)

နေပြည်တော် စက်တင်ဘာ ၂၄

ဂျပန်နိုင်ငံတွင် ချစ်ကြည်ရေးအလည်အပတ်ခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ဒေသစံတော်ချိန် ၈ နာရီ မိနစ် ၂၀ တွင် တိုကျိုမြို့ Shibuya မြို့နယ်ရှိ Meiji Jingu ဗိမာန်သို့ ရောက်ရှိရာ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ် General Shigeru IWASAKI နှင့်ဇနီး၊ ဗိမာန်ရှိ တာဝန်ခံ ဂျပန်ရှင်တိုဘုန်းတော်ကြီးနှင့် အခြား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဗိမာန် အတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ခံ ဂျပန်ရှင်တိုဘုန်းတော်ကြီး Mr. Ito က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် Meiji Jingu ဗိမာန်ရှိ ဆုတောင်းစာများ ချိတ်ဆွဲသော နေရာ၌ " ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေ၊ ဂျပန်-မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲပါစေ" ဟူသော စာသားကို ရေးသားချိတ်ဆွဲခဲ့သည်။

ကြီးကျယ်ခမ်းနားသော ဗိမာန်

Meiji Jingu ဗိမာန်သည် ၁၉၂၀ ပြည့်နှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး Meiji ဧကရာဇ်နှင့် Shoken မိဖုရားတို့၏ ဝိညာဉ်များကို ပူဇော်ထားရှိသည့် ရှင်တိုဘာသာဗိမာန်တစ်ခုဖြစ်သည်။ Meiji ဧကရာဇ်သည် ဂျပန်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ပေးခဲ့သည့် ဘုရင်မင်းမြတ်တစ်ပါးဖြစ်၍ ၄င်းအား ဂုဏ်ပြုသောအားဖြင့် ကြီးကျယ်ခမ်းနားသော ဗိမာန်တည်ဆောက်၍ ပူဇော်ထားရှိသည့် ဗိမာန်တစ်ခုဖြစ်ကြောင်း သိရှိရသည်။

(မြဝတီ)

...ာ်ဘာ ၂၄

...ားစီး(လေ) ...ောင်မြင့်သည် ...အိမ်ရှင်အဖြစ် (၁၁) ကြိမ် ...ာတပ်ဦးစီးချုပ် ...AACC) သို့ ...ကမ္ဘောဒီးယား ...င်၊ မလေးရှား ...စင်ကာပူနိုင်ငံ၊ ...ာ်နမ်နိုင်ငံတို့မှ ...ဦးဆောင် ...ယ်အဖွဲ့အား ...နေပြည်တော် ...ာ် Bilateral ...ကြဲ နှစ်နိုင်ငံ

(၁၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ ညီလာခံသို့တက်ရောက်မည့် အဖွဲ့ဝင်နိုင်ငံများမှ လေတပ်ဦးစီးချုပ်များ နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံဆွေးနွေး

သီးခြားစီ တွေ့ဆုံဆွေးနွေးပွဲများသို့ တက်ရောက်သည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်သည် ကမ္ဘောဒီးယားနိုင်ငံ လေတပ်ဦးစီးချုပ် General Soeung Samnang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံလေတပ်ဦးစီးချုပ် Air Chief Marshal I.B. Putu Dunia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ မလေးရှားနိုင်ငံလေတပ်ဦးစီးချုပ် General Dato' Sri Haji Roslan Bin Saad ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဖိလစ်ပိုင်နိုင်ငံ လေတပ်ဦးစီးချုပ် Lieutenant General Jeffrey F Delgado ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ **(ယာဝုံ)**၊ စင်ကာပူနိုင်ငံလေတပ်ဦးစီးချုပ် Major General Hoo Cher Mou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal Prajin Juntong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်နိုင်ငံ လေတပ်ဦးစီးချုပ် Lieutenant General Phuong Minh Hoa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံ လေတပ်များအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အာဆီယံ အဖွဲ့အစည်းအတွင်း ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများအပြီးတွင် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြည်တွင်းသတင်းနှင့်ကြေငြာ

ပြည်သူ့လွှတ်တော်မှ

တိုးတက်မှုကို မျှားစွာအထောက်အကူပြုစေနိုင်သည့်အတွက် လယ်ယာ၊ မွေးမြူရေး၊ အသား၊ ငါးထုတ်လုပ်ရေးနှင့် ရေလုပ်ငန်း၊ စက်မှု၊ စွမ်းအင်၊ လျှပ်စစ်၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး စသည့်ကဏ္ဍအသီးသီးတွင် သုတေသနလုပ်ငန်းများကို စီမံကိန်းချ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေကြသည့် သုတေသနရလဒ်များ၊ သမိုင်းမှတ်တမ်းများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဝန်ကြီးဌာနစာကြည့်တိုက်များ၊ အမျိုးသားစာကြည့်တိုက်နှင့် အမျိုးသားမော်ကွန်းတိုက်တို့တွင် Soft Copy၊ Hard Copy များအနေဖြင့် လည်းကောင်း၊ မူလစက္ကူမှတ်တမ်းအသွင်ဖြင့် လည်းကောင်း၊ မိုက်ခရိုဖလင်အနေဖြင့်လည်းကောင်း၊ Digital စနစ်အနေဖြင့် လည်းကောင်း စနစ်တကျထိန်းသိမ်းထားရှိပါကြောင်း။

ရန်ကုန်တက္ကသိုလ်ရှိ တက္ကသိုလ်များ သိပ္ပံသုတေသနဌာန (URC) တွင် ဘွဲ့လွန်ကျမ်းပြု သုတေသနများ၊ ဒေသ/နိုင်ငံအကျိုးပြု သုတေသနများကို စနစ်တကျမှတ်တမ်းထားရှိပါကြောင်း၊ စီးပွားရေးနှင့်သက်ဆိုင်သည့် သုတေသနများကို ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် ဆောင်ရွက်လုပ်ကိုင်ကြပြီး အချို့သော သုတေသနများသည် ဥဏှာပစ္စည်းဆိုင်ရာ မူပိုင်ခွင့်တို့ဖြင့် သက်ဆိုင်နေပါ၍ သုတေသနရလဒ်များကို အများသိသာစေရန် ဖော်ထုတ်ရေးအတွက် အချိန်အတိုင်းအတာ တစ်ခုလိုအပ်ပါကြောင်း။

သုတေသန ဆောင်ရွက်မှုများ အနက်အချို့သည် ကနဦးအဆင့် သုတေသန ဆောင်ရွက်ချက်များ ဖြစ်ပြီး အချို့သည် ဆောင်ရွက်ဆဲအဆင့် သုတေသနများဖြစ်ပါကြောင်း၊ အချို့သည် လက်တွေ့စမ်းသပ်မှုမပြုရသေးသည့် သုတေသနများဖြစ်သည့်အတွက် ထုတ်ပြန်၍ မရနိုင်သည့် အခြေအနေမျိုးဖြစ်ပါကြောင်း၊ အများပြည်သူအသုံးပြုနိုင်သည့်အဆင့် နည်းပညာပြန့်ပွားရေးဆောင်ရွက်နိုင်သည့် အဆင့်ရောက်မှသာ ထုတ်ပြန်နိုင်မည်ဖြစ်ပါကြောင်း၊ အများပြည်သူ သိသင့်သိထိုက်သည့် အချက်အလက်များကို ဝန်ကြီးဌာနအလိုက် Website များတည်ထောင်ပြီး လွှင့်တင်ထားပါကြောင်းဖြင့် ဖြေကြားသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်မှ

ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအား လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး ဖြေကြားစဉ်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က **"မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ ကိုဝေဥပဒေ (Myanmar National Building Code) ကိုပြုစုထုတ်ဝေ၍ ကိုဝေဥပဒေ ပြဋ္ဌာန်းချက်များပါအတိုင်း လိုက်နာကျင့်သုံးစေရေး ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

အဆောက်အအုံကိုဝေဥပဒေတွင် အဆောက်အအုံများဆိုင်ရာ စီမံကွပ်ကဲမှုနိယာမနှင့် ထိန်းချုပ်မှု ဘောင်အတွင်း အာမခံချက်ပေးသော ဒီဇိုင်းပုံစံပြုခြင်း၊ တည်ဆောက်အကောင်အထည်ဖော်ခြင်း၊ နည်းစနစ်ပြန်လည်သုံးသပ်ပြောင်းလဲခြင်းနှင့် ချွတ်ယွင်းမှုပြင်ဆင်မွမ်းမံခြင်း တို့ပါဝင်ပြီး လိုက်နာကျင့်သုံးပါက နေထိုင်အသုံးပြုသူများနှင့် ဆက်စပ်လူအဖွဲ့အစည်းပတ်ဝန်းကျင်တို့၏ လုံခြုံစိတ်ချရမှုအပြင် ကျန်းမာရေးနှင့် လူနေမှုအဆင့်မြင့်မားစေမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်းမေးမြန်းစဉ်။

ကျောဖုံးမှ

လုပ်ငန်းမျိုးစုံ လုပ်ကိုင်လျက်ရှိသည့်အပြင် ပြည်ပနိုင်ငံများနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ အများဆုံးရှိသော မြို့လည်းဖြစ်သည်။

မြို့တော်ရန်ကုန်မှ မြန်မာနိုင်ငံ အရပ်ရပ်သို့ မော်တော်ကားလမ်း၊ မီးရထားလမ်း၊ လေကြောင်းလိုင်းများ ဖြင့်ဆက်သွယ်ထားပြီး ထင်ရှားသော တံတားကြီးများမှာ ရန်ကုန်မြို့မှ အရှေ့ဘက်နှင့် တောင်ဘက်အပိုင်းများကိုဆက်သွယ်သည့် ရန်ကုန်-သံလွင်တံတားကြီးနှင့် အနောက်ဘက်အပိုင်း လှိုင်မြစ်ပေါ်တွင်ရှိသည့်ဘုရင့်နောင်တံတားကြီးတို့ဖြစ်ပြီး ဂျိုးဖြူ ရေလှောင်ကန်၊ လှော်ကားကန်၊ အင်းလျားကန်၊ ကန်တော်ကြီး၊ သွေးဆေးကန်တို့လည်းရှိသည်။

ခရိုင်ပေါင်းလေးခရိုင်၊ မြို့နယ်ပေါင်း ၄၅ မြို့နယ်၊ မြို့နယ်ခွဲတစ်ခု၊ ရပ်ကွက်ပေါင်း ၇၄၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၂၀ နှင့် ကျေးရွာပေါင်း ၂၀၈၉ ရွာရှိပြီး စတုရန်းမိုင်ပေါင်း ၃၉၂၇ ဒသမ ၁၄၄ မိုင်ကျယ်ဝန်းသည်။

တိုင်းဒေသကြီးအတွင်း ကားလမ်းပေါင်း ၅၁ လမ်း၊ မိုင်ပေါင်း ၆၀၉ မိုင် ၁ ဖာလုံရှိပြီး ထိုလမ်းများအနက်မှ လမ်းပေါင်း ၂၄ လမ်း၊ မိုင်ပေါင်း ၃၁၆ မိုင် ၁ ဖာလုံကို ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိသကဲ့သို့ လမ်းပေါင်း ၂၇ လမ်း မိုင်ပေါင်း၂၉၃ မိုင်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲလျက်ရှိသည်။ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ တိုင်းဒေသကြီးအတွင်း နိုင်ငံတော်က ဆောက်လုပ်ပေးခဲ့သော အလျားပေ ၅၉၇၇ ပေရှိ သန်လျင်-ရန်ကုန်တံတား၊ အလျားပေ ၄၅၄၀ရှိ ဒဂုံတံတား၊ အလျားပေ ၃၆၄၃ ပေရှိ မဟာဗန္ဓုလတံတား၊ အလျားပေ ၁၆၄၀ ရှိ ဘုရင့်နောင်တံတား၊ အလျားပေ ၃၇၈၆ ပေရှိ အောင်ဇေယျတံတား၊ အလျားပေ ၃၄၁၅ ပေရှိ လှိုင်မြစ်ကူးတံတား (ရွှေပြည်သာ)၊ အလျားပေ ၁၉၄၀ ရှိ လှိုင်မြစ်ကူးတံတား (မြို့ချောင်း)၊ အလျားပေ ၁၉၄၀ ရှိ ဘောလယ်မြစ်ကူးတံတား (မော်ဘီ) အပါအဝင် ပေ ၁၈၀ နှင့်အထက် တံတားပေါင်းအစင်း ၃၀ ရှိသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တည်ဆောက်ထားသည့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အား ၃၅ မဂ္ဂါဝပ်ထွက်ရှိသည့် သာကေတဓာတ်အားပေးစက်ရုံ၊ လျှပ်စစ်ဓာတ်အား ၅၄မဂ္ဂါဝပ် ဒသမ ၃ ထွက်ရှိသည့် အလုံဓာတ်အားပေးစက်ရုံ၊ လျှပ်စစ်ဓာတ်အား၅၄ ဒသမ ၃ မဂ္ဂါဝပ်ထွက်ရှိသည့် လှော်ကားဓာတ်အားပေးစက်ရုံး၊ လျှပ်စစ်ဓာတ်အား ၉၄ ဒသမ ၃ မဂ္ဂါဝပ်ထွက်ရှိသည့် ရွာမဓာတ်အားပေးစက်ရုံတို့ရှိပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၇၀ ထွက်ရှိမည့် ရန်ကုန်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကိုလည်းတည်ဆောက်ရန် စီစဉ်ထားသည်ဟုသိရသည်။ ထို့အပြင် ရန်ကုန်မြို့နှင့် မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေးကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဆောင်ရွက်လျက်ရှိသလို စပါးနှင့် အခြားသီးနှံများ ရေကြီးနစ်မြုပ်ခြင်းနှင့် ပင်လယ်ရေငန်မဝင်ရအောင် တားဆီးရေးအတွက် ရေတံခါးများ၊ ရေနုတ်တူးမြောင်းများ ဖောက်လုပ်ပေးခြင်းလုပ်ငန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက ခရမ်း၊ သုံးခွ၊ သန်လျင်၊ ကျောက်တန်း၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံတေး၊ မှော်ဘီ၊ တိုက်ကြီးတို့တွင် ဆောင်ရွက်ပေးထားသည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးမှ ရန်ကုန်မြို့သည် တစ်ချိန်က မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်ခဲ့ဖူးသည်နှင့်အညီ နိုင်ငံတကာနှင့် ဆက်သွယ်၍ရသည့် ပင်လယ်ရေကြောင်းလမ်း အထူးကောင်းမွန်ပြီး ယခုအခါ လူနေထူထပ်လာသည်နှင့်အမျှ မြို့ပေါ်၌ အထပ်မြင့်အိမ်ရာစီမံကိန်းများ သီးခြားတန်ဖိုးနည်းအိမ်ရာ စီမံကိန်းများ တန်ဖိုးကြီးအိမ်ရာ စီမံကိန်းများ၊ ဥပဒေနှင့်အညီ နိုင်ငံတကာမှ လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိသည့် သီလဝါကဲ့သို့ စက်မှုဇုန်ကြီးများ၊ နိုင်ငံတကာမှ သံရုံးများနှင့် သံတမန်အိမ်ကြီးများ၊ တက္ကသိုလ်နှင့် ကောလိပ်များ၊ နိုင်ငံတကာသို့ သွားရောက် ဆေးဝါးကုသနိုင်ရန် ဆက်သွယ်ရေးဌာနများ၊ မြို့တွင်းကားလမ်းပိတ်ဆို့မှုကိုဖြေရှင်းပေးသည့် ကွန်ကရစ်ခုံးကျော်တံတားကြီးများရှိနေ၍ ခေတ်မီလှပ တိုးတက်လျက်ရှိနေဦးမည်ဟု ကျွန်တော်ဆိုချင်ပါသည်။

သစ်ပင်စိုက်ပျိုးပွဲ ဇီးကုန်းမြို့နယ်၌ကျင်းပ

ဇီးကုန်း စက်တင်ဘာ ၂၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ပြည်သူများ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာတိုးပွားစေရန်နှင့် ကိုယ်ပိုင်အသိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် တိုးချဲ့ပညာပေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ စက်တင်ဘာ ၂၂ ရက် နံနက်က သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် သစ်တောဦးစီးဌာန၏စီစဉ်မှုဖြင့် ဘုရားပျိုကျေးရွာ အလယ်တန်းကျောင်းခွဲ၌ ပညာပေးဟောပြောပွဲနှင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံကျေးလက်ပြည်သူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ထင်းလောင်စာ၌ရောရေး စွမ်းအားမြှင့် အေဝမ်းဗီးဗို မိတ်ဆက် အခမ့်ဖြန့်ဝေခြင်းနှင့် သစ်မျိုးစုံစုစုပေါင်း ၁၆၅ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သက်ထက်

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မြန်မာ့စီးပွားရေးဘဏ်လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၄

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မြန်မာ့စီးပွားရေးဘဏ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) နေပြည်တော်၌ စက်တင်ဘာ ၂၀ ရက် မှ ၂၁ ရက်အထိကျင်းပရာ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြနှင့် အထွေထွေမန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းဒေသကြီးမန်နေဂျာများနှင့် ပြည်နယ်မန်နေဂျာများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူးက ခေတ်မီဘဏ်လုပ်ငန်းစနစ်ကို ပိုမိုလျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် အရည်အသွေးပြည့်ဝ ချေးငွေများ၊ နယ်စပ်ကုန်သွယ်မှုဆိုင်ရာ ဘဏ်ဝန်ဆောင်မှုများအတွက် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ပံ့ပိုးရေးအတွက်လည်းကောင်း၊ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် တိုးမြှင့်အထောက်အကူပြုရေး၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရေး၊ ဘဏ်ဝန်ထမ်းများ စွမ်းဆောင်ရည်တိုးမြှင့်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်ရေး၊ e-pension စနစ်ဖြင့် အငြိမ်းစားလစာထုတ်ပေးခြင်း လုပ်ငန်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်ရေး ပြောကြားသည်။ **(မြန်မာ့အလင်း)**

အမည်မှန်

ဦးခင်မောင်သန်း၏သမီး အထက(၃) ကြည့်မြင်တိုင် တက္ကသိုလ်ဝင်တန်း(ခ) မှ မသစ်သစ်၏အမည်မှန်မှာ မယ္ယယ္ဓယ် ၁၂/ကမတ(နိုင်)၀၇၆၅၈၀ ဖြစ်ပါသည်။

မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြွန်တန်ဆာမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(D)မှ မောင်ငြိမ်းချမ်းထွန်း ၇/ညလပ(နိုင်)၁၈၆၂၅၅၏မိဘအမည်မှန်မှာ ဦးမြင့်ဦး ၇/ညလပ(နိုင်)၀၂၈၉၅၀၊ ဒေါ်သန်းမြင့် ၇/ညလပ(နိုင်)၀၂၃၉၂၃ ဖြစ်ပါကြောင်း။

ဗလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကမ္ဘာ့ခွေးရူးပြန်ရောဂါကာကွယ်ရေးနေ့အထိမ်းအမှတ်
ကျန်းမာရေးပညာပေးဟောပြောပွဲ
ဖိတ်ကြားခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့နှင့် သက်ပိုင်စိုးကုမ္ဍဏီတို့ပူးပေါင်း၍ ကမ္ဘာ့ခွေးရူးပြန်ရောဂါ ကာကွယ်ရေးနေ့အထိမ်းအမှတ် ခွေးရူးပြန်ရောဂါအကြောင်း သိကောင်းစရာ ကျန်းမာရေးပညာပေးဟောပြောပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသောဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ မည်သူမဆို တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

ဟောပြောမည့်ပုဂ္ဂိုလ်	**ခေါင်းစဉ်**
ပါမောက္ခဦးမျိုးလွင်ငြိမ်း	- Update on Human Rabies Prophylaxis
ပါမောက္ခဒေါ်တင်တင်မြိုင်	- How to Prevent Animal Rabies (Human-Animal Interface)
ဒေါက်တာဒေါ်တင့်တင့်ကြည်	- Strategic Time Frame on Rabies Elimination 2020+Dog Bite Center

ဟောပြောမည့်ရက် - ၂၀၁၄ခုနှစ်၊ စက်တင်ဘာ ၂၈ရက်
ဟောပြောမည့်အချိန် - နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီ
ဟောပြောမည့်နေရာ - မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ) အမှတ်-၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့



မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ညောင်ဦးအကျဉ်းထောင်စစ်ဆေး

ညောင်ဦး စက်တင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်ခင်သင်းဝေသည် စက်တင်ဘာ ၁၉ ရက်နံနက် ၁၀ နာရီက ညောင်ဦးခရိုင် တရားသူကြီး ဒေါ်နုနုခင်၊ မြို့နယ် တရားသူကြီး ဦးဇော်မင်းထွန့်တို့ လိုက်ပါလျက် ညောင်ဦးအကျဉ်းထောင်သို့သွားရောက်ပြီး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (**အောက်ပုံ**)

ထိုသို့ စစ်ဆေးရာတွင် ညောင်ဦးအကျဉ်းထောင်ရှိ အကျဉ်းသားများ၊ အချုပ်သားများနှင့် တွေ့ဆုံပြီး ဥပဒေပါအခွင့်အရေးရရှိခြင်း ရှိ/မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်မှုများ ရှိ/မရှိ၊ နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိ/မရှိ၊ သန့်ရှင်းမှု ရှိ/မရှိ၊ မကျန်းမာပါက ဆေးကုသရန် အခွင့်အရေး ရှိ /မရှိ၊ အမျိုးသမီးအကျဉ်းသားများအား အကာအရံလုံခြုံစွာ ထားရှိခြင်း ရှိ/မရှိ၊ အမျိုးသမီး အစောင့်အရှောက်ဖြင့် ထားရှိခြင်း ရှိ/မရှိ၊ နှိပ်စက်ညှဉ်းပန်းမှု၊ မတရားပြုမှု ရှိ/မရှိတို့ကို မျက်မြင်ကြည့်ရှုစစ်ဆေးခဲ့ပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ညောင်ဦးမြို့အကျဉ်းဦးစီးဌာနမှ တာဝန်ခံထောင်မှူးအောင်နိုင်ဖေက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ တိုင်းဒေသကြီး လွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၉ ရက်တွင် ညောင်ဦးခရိုင်/မြို့နယ် တရားရုံးများကိုလည်းကောင်း၊ စက်တင်ဘာ ၂၀ ရက်တွင် ကျောက်ပန်းတောင်းမြို့နယ် တရားရုံးများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တရားသူကြီးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှုများကို မှန်မှန်နှင့်မြန်မြန် စစ်ဆေးရန်၊ ကြန့်ကြာနေသော တရားမ မှုခင်းများနှင့် တစ်ရှစ်အထက် ကြန့်ကြာနေသော အချုပ်တရားခံပါရှိသော ပြစ်မှုများကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရန်၊ အဂတိတရားကင်းရှင်းရန်၊ ပြစ်မှုနှင့်လျော်ညီသော ပြစ်ဒဏ်ချမှတ်ရန်၊ ပြည်သူကို အကျိုးပြုသော ပြည်သူက ယုံကြည်အားကိုးသော တရားစီရင်ရေးစနစ် ပေါ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ စည်းမျဉ်းစည်းကမ်းနှင့် အညီ ကျင့်ကြံနေထိုင်ရန်တို့ကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် သန့်ရှင်းရေးဆောင်ရွက်

မန္တလေး စက်တင်ဘာ ၂၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ် (၅၀) ပြည့် ရွှေရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြု လုပ်ငန်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂၀ ရက်နံနက် ၇ နာရီက မန္တလေး ချမ်းမြသာစည်မြို့နယ် သံလျက်မှော် တောင်ရပ်ကွက် ကန်တော်ကြီးရှိ ဇီဝိတဒါန သံယာ့ဆေးရုံဝင်းအတွင်း၌ ကျင်းပရာ ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော်ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင် ၆၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင် ငါးဦးတို့နှင့်အတူ ပူးပေါင်း၍ ဆေးရုံဝင်းအတွင်းရှိ အမှိုက်များ၊ မြက်များ၊ ချိုန္ဓယ်ပေါင်းပင်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ အခြားသန့်ရှင်းရေး လုပ်ငန်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

တင်မောင်(မန္တလေး)

လားရှိုး စည်ပင်သာယာဈေးကြီးအတွင်းရှိ ရွှေဆိုင်ကို လုယက်မှုဖြစ်ပွား

လားရှိုး စက်တင်ဘာ ၂၄

လားရှိုးမြို့ စည်ပင်သာယာဈေးကြီးအတွင်း ဝေဟင်ရွှေဆိုင်တွင် ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က လုယက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဝေဟင်ရွှေဆိုင်သို့ အသက် (၂၅ နှစ်)ခန့်ရှိ အမျိုးသားလူငယ်တစ်ဦးရောက်လာပြီး ရွှေထည်များခင်းထားသော မှန်ကောင်တာကို သေနတ်ဖြင့်ထောက်ပြီး "ဒီဗန်းတင်လိုက်" ဟုပြောသဖြင့် ဆိုင်ရှင် ဦးစိုင်းထွန်းအေးက ရွှေခင်းထားသော ဗန်းကို ကောင်တာပေါ်သို့ တင်ပေးလိုက်ရကြောင်း၊ ထိုလူက ရွှေလက်စွပ် အကွင်း ၃၀၊ တန်ဖိုးငွေကျပ် သိန်း ၁၀၀ ခန့်ကို လက်နှင့်ဆုပ်ယူပြီး ထွက်သွားခဲ့သည်ဟု ဈေးခေါင်းကိုမျိုးထံ ဆိုင်ရှင် ဦးစိုင်းထွန်းအေးက ပြောသည်ဟု သိရသည်။

ဈေးအကျိုးတော်ဆောင် ဦးကျော်က "လွန်ခဲ့တဲ့တစ်နှစ်လောက်ကလည်း လားရှိုးမှာ ရွှေဆိုင်ကို သေနတ်နဲ့ ပစ်ခတ်ခြိမ်းခြောက်ပြီး လုယက်မှု တစ်ခုဖြစ်ခဲ့တယ်။ ဒီနေ့ဖြစ်ရပ်ကတော့ တစ်ကိုယ်တော်လာပြီး သေနတ်နဲ့ ခြိမ်းခြောက်တယ်။ ဆိုင်မှာ CCTV ကင်မရာ တပ်ထားပေမယ့် ပြစ်မှုကျူးလွန်သူကို မမြင်

လုယက်ခံရသောရွှေဆိုင်တွင် သက်ဆိုင်ရာက စစ်ဆေးစဉ်။

လိုက်ရဘူး" ပြောကြားသည်။

ဝေဟင်ရွှေဆိုင်ပိုင်ရှင် ဦးစိုင်းထွန်းအေးက သက်ဆိုင်ရာကို ပြောကြားရာတွင် သေနတ်ပြ လုယက်သူမှာ အသက် (၂၅ နှစ်) ဝန်းကျင်ဖြစ်ပြီး ဗမာစကား ကို ပီပီပြောနိုင်ကြောင်း၊ တိုင်းရင်းသားစကားသံ မဝဲကြောင်း သိရသည်။

စည်ပင်သာယာဈေးကြီးအတွင်းမှ ဆိုင်နီးချင်းများကလည်း သာမန်ဈေးဝယ်သူဟုထင်ပြီး ဈေးကြီးထွက်ပေါက်မှ ထွက်သွားပြီးချိန်ကျမှ ဆိုင်ရှင်ပြောသည်ကို ကြားလိုက်ကြသည်ဟု ဆိုသည်။ လားရှိုးစည်ပင်သာယာဈေးကြီးတွင် ရဲတပ်ဖွဲ့လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦးရှိပြီး ဈေးကြီးကိုလည်း လှည့်လည်ကြည့်ရကြောင်း၊ အခင်းဖြစ်ပြီးပြီးချင်း လိုက်လံဖမ်းဆီးခြင်း၊ လမ်းမများတွင် ပိတ်ဆို့စစ်ဆေးခြင်းနှင့် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးအတွက် အပူတပြင်း လုပ်ဆောင်နေကြောင်း တာဝန်ရှိသူက ပြောကြားသည်။

(၁၇၇)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မန္တလေးနိုင်ငံ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ကို ကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သင်္ကန်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသက်ထွန်း ဦးစီး၍ တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၀ ရက်က သင်္ကန်းကျွန်းစ်ပြဆေးရုံဝင်းအတွင်းရှိ မြက်ပင်/ချိုန္ဓယ်များ၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းလုပ်အားပေး ရှင်းလင်းဆောင်ရွက်ကြစဉ်။

ကိုမျိုး(ရွှေပေါက္ကံ)

ဦးသန့်ဇင်(ခ)Toroun ၁၃/တကန(နိုင်)၁၂၃၂၂၄
ထွန်းသီရိ(ခ)ရွှေနန်းတော်ဆောက်လုပ်ရေးကန်ထရိုက်တာ တောင်ကြီးမြို့၊

သိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်၊ အနောက်မြို့ပတ်လမ်း၊ အမှတ် ၅၀၀ တည်ရှိရာနေရာ၌ မြေပိုင်ရှင် ဒေါ်လီဟွေရှော(ခ)ဒေါ်စန္ဒာအောင်၏ မြေကွက်ဥပစာတွင် မြေရှင်နှင့်ကန်ထရိုက်တာတို့ အခန်းပေး၊ အခန်းယူစနစ်ဖြင့် ကန်ထရိုက်တိုက်ဆောက်လုပ်၍ အဆောက်အအုံပြီးစီးအောင် ဆောက်လုပ်ခြင်းမပြုမီ၊ မြေရှင်ပိုင်ဆိုင်သည့် စတုဟ္ဌထပ်ရှိ အခန်းအမှတ် E-2 ကို ကန်ထရိုက်တာ ဦးသန့်ဇင်မှကျွန်ုပ်၏ မိတ်ဆွေ ထံသို့ မိမိပိုင်အခန်းအဖြစ်လိမ်လည်၍ မြေရှင်မသိဘဲရောင်းချကာ ငွေကျပ် ၃၄၀၀၀၀၀၀/-တိတိကို ကြိုတင်ပေးငွေအဖြစ် ကျွန်ုပ်၏မိတ်ဆွေထံမှ လက်ခံရရှိ ယူခဲ့ပါသည်။

အဆိုပါတိုက်ခန်းပြဿနာပေါ်ပေါက်ပြီးနောက် ဦးသန့်ဇင်နှင့်ကျွန်ုပ်၏မိတ်ဆွေတို့ တွေ့ဆုံညှိနှိုင်းရာ နှစ်ဦးနှစ်ဖက်ကတိပဋိညာဉ်စာချုပ်ပါအတိုင်း ဦးသန့်ဇင်မှ ကြိုတင်ရယူငွေ၏နှစ်ဆကို ၄-၉-၂၀၁၄ ရက်တွင် မယျက်မကွက် ပြန်လည်ပေးအပ်မည်ဟု ဝန်ခံကတိပြုခဲ့ပါသည်။

သို့ရာတွင်ဦးသန့်ဇင်မှ သတ်မှတ်ရက်တွင်လည်း မိမိကတိကို ဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် ဆက်သွယ်မှုတစ်စုံတစ်ရာမရှိပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဦး၏ အထူးကိုယ်စားလှယ်ဖြစ်သူ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ နယ်မြေ ၁၆၊ ပုလဲလမ်း၊ အမှတ် ၁၀၉/၁၆ နေ ဒေါ်မြင့်မြင့်ကြည်ထံသို့ အမြန်ဆုံးလာရောက်ဖြေရှင်းပါရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်ကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မေသန့်ဇင်(ခ)ဒေါ်သဇင်တင့်ရှိန်	**ဒေါ်ဇင်သန်းရီ**
B.A(Law),LL.B	**LL.B**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၇၀၈၉)	**(စဉ်-၄၂၃၄၄)**

အမှတ် ၂၄၆၊ အိမ်တော်လမ်း၊ အမှတ် ၃၇/၁၅၊ ပန်းတင်လမ်းမကြီး၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့



ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်း-၂၀)
ပြည်ခရိုင်တရားရုံးတော်
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၄၃

ဦးအုန်းကျင်(မန်နေဂျာ)	နှင့်	၁။ ဦးအေးသိန်း
ဘဏ်ခွဲတာဝန်ခံ		၂။ ဦးညီညီလင်း
အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်		၃။ ဒေါ်ခင်လေးမွန်

ပြည်ဘဏ်ခွဲ၊ ပြည်မြို့

တရားလို **တရားပြိုင်များ**

ပေါင်းတည်မြို့နယ်၊ ဈေး(၂)ရပ်ကွက်၊ ပုတီးကုန်းလမ်းနေ ဦးညီညီလင်း၊ ဒေါ်ခင်လေးမွန်တို့. သိစေရမည်။

သင့်အပေါ်၌ တရားလိုက အပေါင်ပစ္စည်းများကို ထုခွဲရောင်းချပေးစေလိုမှု လျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေ နှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၆ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ဖွဲ့ချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းနှင့် သင်က တင်ပြအဖီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြွဝင်း)

ဒုတိယခရိုင်တရားသူကြီး၊ ပြည်ခရိုင်တရားရုံး

ပြည်တွင်းသတင်းနှင့်ကြေငြာ

အိုင်အိုဒင်းချို့တဲ့ရောဂါ ပပျောက်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

အိုင်အိုဒင်းချို့တဲ့ ရောဂါများ ပပျောက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊တိုင်းဒေသကြီးဥပဒေချုပ်၊ နေပြည်တော်ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ မြန်မာ့ဆားလုပ်ငန်း၊အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေးအတွက် တစ်နိုင်ငံလုံး အိုင်အိုဒင်းဆားစားသုံးစေခြင်းကို ရေရှည်စီမံချက်ချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပိုင်းဝန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာယဉ်သန္ဓာလွင်က မြန်မာနိုင်ငံ အိုင်အိုဒင်းချို့တဲ့ရောဂါ ပပျောက်ရေးလုပ်ငန်းနှင့် တစ်နိုင်ငံလုံး အိုင်အိုဒင်းဆားစားသုံးရေး အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက အိုင်အိုဒင်းချို့တဲ့ရောဂါများ ဖြစ်ပွားရသည့် အကြောင်းရင်း၊ အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများနှင့် ပြည်သူလူထုအား အသိပညာပေးမည့် အစီအစဉ်များကို ပိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပတ်ဝန်းကျင်သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၄

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအင်အားစုလူငယ်များအဖွဲ့သည် မြို့ပေါ်ရှိစာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများရှိ အမှိုက်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ လမ်းမများပေါ်ရှိ အမှိုက်များ လိုက်လံကောက်ခြင်း လုပ်ငန်းများကို တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၂၁ရက်က မြို့ဦးပရိယတ္တိ စာသင်တိုက်အတွင်းရှိ အမှိုက်ပုံကြီးနှင့် ဘုရင့်နောင်ရပ်ကွက် အတွင်းရှိ အမှိုက်များကို လိုက်လံကောက်ယူခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

"အမှိုက်တွေကြောင့် ကျွန်တော်တို့ ပတ်ဝန်းကျင်ဟာ အထီးကျန်လို့နေပါတယ်။ အမှိုက်တွေကို စနစ်တကျစွန့်စွဲနိုင်မှသာ ပတ်ဝန်းကျင်ဟာ လှပသန့်ရှင်းနေမှာပါ။ ဒီလိုမဟုတ်ရင် အမှိုက်တွေဟာ လူသားတွေအတွက် အန္တရာယ်ရှိတဲ့ရောဂါပိုးတွေ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေကို ဖြန့်ဖြူးပေးတဲ့နေရာတွေဖြစ်သွားပါလိမ့်မယ်" ဟု အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

(ဝ၂၁)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၄-၉-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	ကျပ်၆၅၅၅၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	ကျပ်၆၁၆၉၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	ကျပ်၆၅၅၅၀၀

စက်သုံးဆီဈေးနှုန်း(Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၈၀၀-၄၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၃၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၆၇၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၃၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျောင်)	တစ်ပိဿာ	၄၈၀၀-၆၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၉၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်းဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၃
ဥရောပ	တစ်ယူရို	၁၃၃၅-၁၃၄၆
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၈၆
ထိုင်း	တစ်ဘတ်	၃၁.၂-၃၂.၅
အိန္ဒိယ	တစ်ရုပီး	၁၆-၁၆.၂
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၀၇-၃၁

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဒီယာအသစ်)	တစ်အိတ်	၁၆၅၀၀-၁၆၈၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၈၅၀၀-၃၂၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၈၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၉၅
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၂၀၀-၅၅၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၅၀-၁၇၅၀
ကြက်သွန်ဖြူ(ကြေကွတ်)	တစ်ပိဿာ	၁၂၆၀-၁၂၇၅
အာလူး(ရှမ်း)	တစ်ပိဿာ	၄၀၀-၇၂၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၄၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၅၀၀၀
သကြား	တစ်ပိဿာ	၈၉၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

ကျွဲ၊ နွား လည်ချောင်းကွဲရောဂါကာကွယ်ဆေးထိုးပေး

ဆီဆိုင် စက်တင်ဘာ ၂၄

ကျေးလက်လူမှုစီးပွား မြင့်မားတိုးတက်ရေး အထောက်အကူပြုနိုင်စေရန်အတွက် ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာစိုင်းသက်နောင်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းတို့သည် စက်တင်ဘာ ၂၂ ရက်က ပင်စုံကျေးရွာအုပ်စု ထီမန်းကျေးရွာနှင့် ကောင်းမှုတ္တာကျေးရွာတို့မှ ဒေသခံပြည်သူများ၏ ကျွဲ ၅၄ကောင်၊ နွား ၂၉ ကောင်ကို လည်ချောင်းကွဲရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီး အဆိုပါကျေးရွာရှိ တိရစ္ဆာန်များကို ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြောင်းသိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)

ရထားဦးဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
အိတ်ဆွဲတင်ခါ(Open Tender) ခေါ်ယူခြင်း

